# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၃ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၂)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည်
# နိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်ကြီးဖြစ်
# ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် အဖျက်အမှောင့် လုပ်ရပ်မှန်သမျှ ဆန့်ကျင်တိုက်ဖျက်

## အနာဂတ်နိုင်ငံတော်အတွက် လူကောင်းလူတော်များ၊ တိုင်းချစ် ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လိုသူများအား စဉ်းစားရွေးချယ်

နေပြည်တော် ဩဂုတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၏ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးဘူတာဥ္ဆကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အထိမ်းအမှတ်မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၃ ရက်)

# ပညာကိုလေ့လာဆည်းပူးမှတ်သားခြင်းမှသည် အောင်မြင်မှုပန်းတိုင်ဆီသို့

ယနေ့ လူငယ်မောင်မယ်များသည် အနာဂတ်ကာလ၏ နိုင်ငံ့သားကောင်းဖြစ်နိုင်ကြသူများဖြစ်သည်။ နိုင်ငံ့သားကောင်းများအဖြစ် မိမိတို့၏ဘဝ မီးရှူးတန်ဆောင်ပမာ ထွန်းလင်းတောက်ပ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာကိုလေ့လာဆည်းပူးကြရမည်ဖြစ်သည်။ ထို့ပြင်မက 'သညာ'ဟူသည့် မှတ်သားတတ်သောအလေ့ကို လေ့ကျင့်ဆောင်ယူကြရမည်ဖြစ်သည်။

'ပညာ'မရှိသူ၊ 'သညာ'မရှိသူသည် ဘဝလမ်းကြောင်းမှန်ပေါ် မလျှောက်နိုင်။ ဘဝတိုးတက်မှုကိုကား စဉ်းစားနိုင်ခြင်းရှိမည်မဟုတ်။ ပညာရှိသော်လည်း သညာမရှိက ယခုသင်၊ ယခုမေ့ ပညာနှင့် လက်တွေ့ ပေါင်းစပ်၍မရဘဲ ဘဝရည်မှန်းချက်ပန်းတိုင်လည်း ပျောက်နေတတ်သည်။ 'ပညာ'လည်းရှိ၊ 'သညာ'လည်းရှိသူသည်ကား သူမတူအောင်ထူးချွန်ပြီး ၎င်းတို့၏ဘဝသည် ဒီရေအလား တရိပ်ရိပ် တိုးတက်နေမည်ဖြစ်သည်။

ပညာမရှိဘဲ ဘဝ၏လမ်းကြောင်းပေါ်၌ မှန်ကန်စွာ မရပ်တည်နိုင်။ ပညာရှိသောသူသည် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည်။ ပညာရှိသူသည် အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည်။

ပညာရှိသူတို့သည် မိမိ၏ အစွမ်းအစကိုဖော်ထုတ်နိုင်စွမ်းရှိသည်။ သေးငယ်သော အပင်ငယ်လေးများသည် မိမိ၏အစွမ်းအစနှင့် ရှင်သန်ကြီးထွားလာကြသည်။ မာကျောသည့်အုတ်တို့၏အကြားမှပင် အပင်ငယ်လေးများသည် ထိုးထွက်၍ ရှင်သန်ကြသည်။ ယင်းတို့၌ အခက်အခဲကို ကျော်လွှားနိုင်သည့် စွမ်းပကားများရှိကြောင်းကို ပြသခြင်းဖြစ်သည်။

လူ့သဘာဝလောကတွင် တွေ့ကြုံရသောအခက်အခဲများ၊ အကွေ့အကောက်များကို 'ပညာ'ဉာဏ်နှင့် ဝေဖန်ပိုင်းခြားပြီး 'သညာ'အသိဖြင့် မှတ်သားလိုက်နာ ကျင့်ကြံတတ်လျှင် ဘဝ၏တိုးတက်ရာလမ်းကြောင်းသည် ဖြောင့်တန်းနေမည်ဖြစ်သည်။ ပညာမဲ့သူကို ကိုးကွယ်ဆည်းကပ်ပါက လမ်းမှားသို့ ရောက်ကြရမည်။ ထို့ကြောင့် ပညာရှိသောသူကို ဆည်းကပ်ရမည်။ မိမိရရှိလိုသော အောင်မြင်မှုရရှိရန် ရှိသင့်ရှိထိုက်သော ဗဟုသုတများ လေ့လာဆည်းပူးရမည်။ 'ပညာရွှေအိုး လူမခိုး' ဆိုသည့် စကားအရ ရွှေအိုးကဲ့သို့ တန်ဖိုးကြီးသော အတတ်ပညာ ဗဟုသုတများကို သင်ကြားတတ်မြောက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယနေ့လူငယ်မောင်မယ်လေးများသည် ပညာဟူသော အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်သည့် အသိဉာဏ်ဖြင့် ဘာသာရပ်များကို တတ်မြောက်အောင်သင်ကြားပြီး သင်ကြားတတ်မြောက်ပြီးသမျှကို မှတ်သားနာယူကာ မိမိဘဝတိုးတက်ရေးအတွက် ကျင့်ကြံအားထုတ် အသုံးချနိုင်ခြင်းသည် နိုင်ငံ့သားကောင်းဖြစ်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ 'ပညာ' နှင့် 'သညာ'ကို လက်တွေ့လေ့လာဆည်းပူး မှတ်သားလိုက်နာပြီး နေ့စဉ်နှင့်အမျှ ကြိုးကုတ်အားထုတ်နေခြင်းသည် မိမိတို့နိုင်ငံတော်နှင့် မိမိတို့၏ဘဝအတွက် ကြီးပွားတိုးတက်ခြင်းဟူသည့် အောင်မြင်မှုပန်းတိုင်ဆီသို့ ရောက်ရှိရန် ဘဝလမ်းကြောင်းမှန်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၂၄-၈-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော်(ခန္ဓသုတ်+ ဂုဏ်တော်ကွန်ချာ)
၇:၂၀ ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (မုဒိတာခပ်ပျစ်ပျစ် သောက်သူများ)
၈:၄၀ တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (မြေပဲဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line (အကယ်ဒမီများရှင် ရန်အောင်)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် Current Song တေးပဒေသာ
၁၂:၄၀ ရှင်လန်းစေချင်သောတရှင် (ပဥ္စမြောက်နိဗ္ဗာန်ဘုံကအပြန်)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ) တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (မျက်စိမှေးသူအား ခြယ်သခြင်း)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ (အမှတ်စဉ်-၅၄)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မြန်မာ-အင်္ဂလိပ် အသံထွက် အိတ်ဆောင်အဘိဓာန်
(၂) Classroom Language
၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ဇာတ်လမ်းပမာနားဆင်စရာ **ရင်ထဲမှာကြွေ**
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး (တွေ့စကအတိုင်းပဲ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၁:၅၉ အဖိတ်နေ့နှုံးဆော်ချက်
၂၂:၀၀ အစီအစဉ်ပြီး၏။



# စားပွဲတင်တင်းနစ်(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တံခွန်စိုက်ဖလား ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၂

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ စားပွဲတင်တင်းနစ် (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်၁၉ရက်က မန္တလေးတက္ကသိုလ်အားကစားရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက အသင်းလိုက် ပူးတွဲတတိယရရှိကြသော တောင်ကြီးတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်အသင်း၊ ဒုတိယဆုရ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်အသင်းတို့အား ငွေသားဆုများကိုလည်းကောင်း၊ ပထမရရှိသော ရတနာပုံတက္ကသိုလ်အသင်းအား တံခွန်စိုက်ဖလားနှင့် ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

ဆက်လက်၍ တိုင်းမှူးသည် ဗထူးအားကစားကွင်း၌ကျင်းပသော အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူတို့က ဆုရရှိကြသည့်အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စာကြည့်တိုက်ဆောက်လုပ်ရန် မိုင်းကိုင်၌ အလှူငွေပေးအပ်

မိုင်းကိုင် ဩဂုတ် ၂၂

လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဟိုနားကျေးရွာအုပ်စု ဝိုင်းငင်းကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မတည်ငွေပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့်ဟိုနားကျေးရွာအုပ်စု စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များအကြောင်း ပြောကြားသည်။

### ပေးအပ်

ထို့နောက် နိုင်ငံတော်မတည်ငွေများကို မြို့နယ်ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်က ဟိုနားကျေးရွာအုပ်စုဥက္ကဋ္ဌအား လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက အလှူငွေများကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌအား လည်းကောင်း ပေးအပ်ခဲ့သည်။ (အောက်ပုံ) (၁၀၉)





## ကတ္တရာလမ်းခင်း

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သဲတော(၃)ရပ်ကွက် အမှတ်(၅၇)လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၆ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# သွေးလွန်တုပ်ကွေးကာကွယ်ရေး ပုဏ္ဏားကျွန်း၌ ခြင်ဆေးဖျန်း

ပုဏ္ဏားကျွန်း ဩဂုတ် ၂၂

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဩဂုတ် ၁၅ရက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မဟာပညာကျော်လမ်းဘေးဝဲယာရှိ ရေမြောင်းများတစ်လျှောက်၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

### ကွင်းဆင်းကြီးကြပ်

ထိုသို့ဆောင်ရွက်ရာတွင် အမှုဆောင်အရာရှိ ဦးတင်မောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)





# စက်ခလုတ်နှိပ်ဖွင့်လှစ်

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ် အကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးရိုးမ အရှေ့ခြမ်းနှင့် အနောက်ခြမ်းသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော မိုင် ၁၂၀ရှိ ပြည်-တောင်ငူ မီးရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းအပိုင်း ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

ဤရထားလမ်းအပိုင်းသည် မိုင် ၂၀ရှိကြောင်း၊ မြန်မြန်ပြီးသရွေ့ မြန်မြန် ဖွင့်လျှင် ဒေသခံပြည်သူများ မြန်မြန်အကျိုးထူး ခံစားနိုင်ကြမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သောစေတနာနှင့် ယခုကဲ့သို့ ဖောက်လုပ်ဆဲ ရထားလမ်း၊ ကားလမ်းများကို ပြီးသရွေ့ အပိုင်းလိုက်ဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

## ပိုမိုအဆင်ပြေ

ယခုကဲ့သို့ ပြည်မှ ပေါက်ခေါင်းအထိ ပြီးသရွေ့ ရထားလမ်းအပိုင်းကို ဖွင့်လှစ်ပေးခြင်းအားဖြင့် ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အကြား သွားလာဆက်သွယ်မှု ပိုမိုအဆင်ပြေသွားမည်ဖြစ်သည့်အပြင် ကုန်ကျစရိတ် သက်သက်သာသာဖြင့် သွားလာနိုင်ကြမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်သောဒေသသည် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေး၊ နောက်ကျကျန်နေသည့်အတွက် ယခုအခါ တစ်နိုင်ငံလုံး အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို တစ်နိုင်ငံလုံးအနှံ့ ဖောက်လုပ်လျက်ရှိနေကြောင်း။

မီးရထားဖြင့် ဆက်သွယ်သွားလာခြင်းသည် စရိတ်စကသက်သာစေသည်သာမက လူများများ၊ ကုန်စည်များများ သယ်ယူနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါ နယ်မြေဒေသအနှံ့ မီးရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဖောက်လုပ်ဆဲ မီးရထားလမ်းများမှာ-

(က) ပခုက္ကူ-ကြံခင်းလမ်း မိုင် ၃၂၀
(ခ) မင်းဘူး-အမ်း-စစ်တွေလမ်း ၂၅၇ မိုင်
(ဂ) ကသာ-ဗန်းမော်လမ်း ၉၈ မိုင်
(ဃ) ပျော်ဘွယ်-နတ်မောက်-မကွေးလမ်း ၉၅ မိုင်
(င) မိုးနဲ-ကျိုင်းတုံလမ်း ၂၂၆ မိုင်
(စ) ထားဝယ်-မြိတ်လမ်း ၁၃၂ ဒသမ ၅ မိုင်



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲမည့် အထူးရထားဖြင့် လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

(ဆ) ပုသိမ်-ဘဲဂရက်-လှိုင်သာယာလမ်း ၈၉ မိုင်
(ဇ) ဟင်္သာတ-ညောင်တုန်းလမ်း ၄၈ မိုင်
(ဈ) ယခု ပြည်-တောင်ငူလမ်း မိုင် ၁၂၀

တို့ပင်ဖြစ်ကြောင်း။

## သွားလာဆက်သွယ်နိုင်

တချို့မီးရထားလမ်းများကိုလည်း အပိုင်းလိုက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ဤမီးရထားလမ်းများအားလုံး ပြီးစီးသွားလျှင် မြန်မာနိုင်ငံတွင် အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ သွားလာဆက်သွယ်နိုင်သည့် အမျိုးသား မီးရထားလမ်းကွန်ရက်ကြီး ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

## ရာသီမရွေးသွားလာနိုင်

မီးရထားလမ်းများသာမက မော်တော်ကားလမ်းကွန်ရက်ကိုလည်း ဖောက်လုပ်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမြို့မှ တောင်ဖျားရှိ ကော့သောင်းမြို့အထိလည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ဖျား မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိလည်းကောင်း မော်တော်ကားဖြင့် ရာသီမရွေး သွားလာနိုင်နေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ များစွာအထောက်အကူပြုလျက်ရှိပြီး တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ထိတွေ့ဆက်ဆံနိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ များစွာအထောက်အကူပြုစေကြောင်း။

ပဲခူးတိုင်းဒေသကြီးသည် တစ်ချိန်က တောတောင်လျှိုမြောင်များ ထူထပ်သည့် အလယ်ရိုးမတောင်တန်းကြီး ကာဆီးထားသည့်အတွက် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည် တသီးတခြားဖြစ်နေရာမှ ယခုအခါ အရှေ့နှင့်အနောက် ရိုးမဖြတ်လမ်း ခုနစ်လမ်းရှိသည့်အပြင် ယခု မီးရထားလမ်းကိုပါ ထပ်ဆင့်ဖောက်လုပ်ပေးခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကူးလူးဆက်သွယ်သွားလာရန် လွယ်ကူသွားပြီဖြစ်ကြောင်း။

## ကြိုးကြိုးစားစားလုပ်ကိုင်

တိုင်းပြည် တည်ငြိမ်အေးချမ်းသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှု အပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့်မကျန် ကဏ္ဍစုံတွင် တည်ဆောက်ပြုပြင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အခြေအနေသည် ဖွံ့ဖြိုးတိုးတက်သောလမ်းကြောင်းပေါ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများကို တန်ဖိုးရှိရှိအသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက်တိုးတက်အောင် လူတိုင်း လူတိုင်း ကိုယ်စီကိုယ်င အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဤအခြေခံကောင်းများသည် ယနေ့နိုင်ငံသူ နိုင်ငံသားများအတွက် သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်လည်း အမွေခံကောင်းများ ဖြစ်အောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ထိန်းသိမ်းသွားကြရန်လည်း မိမိတို့တွင် တာဝန်ရှိကြောင်း ထပ်လောင်း၍ သတိပေးပြောကြားလိုကြောင်း၊ မိမိတို့လက်ထက် တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများလက်ထက်တွင်လည်း တိုင်းကျိုးပြည်ပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မည်သာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ **ငါးရစ်မျိုးငါး တို့မစား**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ အကပဒေသာ
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၁၅ ၈။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၅:၃၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ **ဆိုကြမယ်၊ ပျော်ကြမယ်**
၆:၅၀ ၁၃။ **ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ** (သရုပ်ဆောင်-ကောင်းခန့်၊ ဟေမာန်အောင်အောင်)
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၀)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၂၀)
၂၀။ သုခုမရင်ပြင်
၂၁။ အစီအစဉ်ပြီး၏။

# ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေး

## နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုအားပေးလျက်ရှိ

● ကျောဖုံးမှ

တိုင်းရင်းသား ရိုးရာအကအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါ မြဝတီမြို့နယ် မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်လှစ်သည့် အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကိုလွှင့်တင်သည်။ ထို့နောက် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

### တပ်ဆင်

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးနှင့် ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့် တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ယခုဖွင့်လှစ်သော နယ်ခြားစောင့်တပ်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးများက လက်ခံကြသည်။

### ပျော်ရွှင်စွာဆင်နွှဲ

ယင်းနောက် နယ်ခြားစောင့်တပ်များမှ တပ်ဖွဲ့ဝင်များသည် ဒေသခံ ရွှေကုက္ကို၊ ကြာအင်းနှင့် ခလောက်နို့ရွာ ဒုံးယိမ်းအဖွဲ့ ကိုးဖွဲ့တို့မှ ကရင် တိုင်းရင်းသူများ၊ ရှမ်းတိုင်းရင်းသူများ၊ မွန်ရိုးရာအကအဖွဲ့၊ ဖော့ရှမ်းနှင့် မဲပလဲ့ရွာများမှ ရှမ်းရိုးရာအကအဖွဲ့များ၊ ရွှေကုက္ကိုရွာ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းနှင့် ငြိမ်းချမ်းရေးပန်းခင်း တေးသီချင်းတို့ကို သံပြိုင်သီဆို၍ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန် ဆင်နွှဲကြသည်။

ထို့အတူ ယဉ်ကျေးမှုအကအဖွဲ့များ ဖြစ်ကြသော ဒေသခံဒုံးယိမ်းအဖွဲ့ ကိုးဖွဲ့၊ ရှမ်းရိုးရာ အကအဖွဲ့များ၊ မွန်တိုင်းရင်းသား အကအဖွဲ့များနှင့် ရွှေကုက္ကိုအခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့တို့ကလည်း တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



### ရာထူးအဆင့်တံဆိပ် တပ်ဆင်

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)



မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)



### သစ္စာအဓိဋ္ဌာန် ရွတ်ဆို

မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်များ ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦး အဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)



မြဝတီမြို့နယ် မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

### ဂုဏ်ပြုငွေများချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များသည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် အကအဖွဲ့များအား တိုင်းမှူးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းသည့် အခမ်းအနားကို စစ်ရေးပြကွင်းအနီးရှိ စုပေါင်းမဏ္ဍပ်၌ ကျင်းပခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကရင်ပြည်နယ်အတွင်း ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်နယ်အတွင်း ထာဝရတည်ငြိမ်အေးချမ်းရေးကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တရားဝင်လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခွင့် ရရှိကြတော့မည်ဖြစ်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

### ဝမ်းမြောက်ဝမ်းသာ

ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း ၄င်းတို့၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးတို့အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆိုအားပေးလျက်ရှိကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# စုပေါင်း ကခုန်ဆင်နွှဲ

ဩဂုတ် ၂၀ရက်က မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူများ၊ ရှမ်းတိုင်းရင်းသူများ၊ မွန်ရိုးရာအကအဖွဲ့၊ ဇော့ရှမ်းနှင့် မဲပလဲ့ရွာများမှ ရှမ်းရိုးရာအကအဖွဲ့များ၊ ရွှေကုက္ကိုရွာ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံ ပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။

(သတင်း-ကျော) (သတင်းစဉ်)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

**အာကာကျော် - စုစည်းသည်**

### ကယ်လီဖိုးနီးယား၌ လျှောက်လှုပ်ဖွယ်ရှိ

*အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ ငလျင်ကြီးများ မကြာမီ လှုပ်နိုင်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ဩဂုတ် ၂၂ရက်တွင် ပြောကြားသည်။* (အမ်အန်အေ/ဆင်ဟွာ)

### ကန်တပ်ဖွဲ့ဝင်လေးဦး အာဖဂန်၌သေဆုံး

*အာဖဂန်နစ္စတန်အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် ဩဂုတ် ၂၂ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုများဖြစ်ပွား၍ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။* **(အမ်အင်န်အေ/ဆင်ဟွာ)**

### မက္ကဆီကိုနယ်စပ်၌ ပစ်ခတ်မှုဖြစ်ပွား

*မက္ကဆီကိုနှင့် တက္ကဆက်နယ်စပ် ရီယိုဂရင်းအရပ်၌ ဩဂုတ် ၂၂ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်သေနတ်သမားများ တိုက်ပွဲဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း သိရသည်။* (အမ်အင်န်အေ/ဆင်ဟွာ)

### ဗန်ဂို့ချ်ပန်းချီကား အခိုးခံရ

*ကိုင်ရိုရှေးဟောင်းပြတိုက်အတွင်းမှ အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဗန်ဂို့ချ်ပန်းချီကား အခိုးခံခဲ့ရကြောင်းဩဂုတ် ၂၂ ရက်တွင် အီဂျစ်ရဲအဖွဲ့က ပြောကြားသည်။*

### ဝေလငါးကိုးကောင်ကို ကယ်တင်နိုင်ခဲ့

*နယူးဇီလန်နိုင်ငံမြောက်ပိုင်း၌ ဝေလငါးများသောင်တင်သေဆုံးခဲ့ရာ ၅၈ ကောင်ကို မြေမြှုပ်ပြီး ကိုးကောင်ကို ရေနက်ပိုင်းသို့ပြန်လွှတ်ကာ အသက်ဘေးမှကယ်တင်နိုင်ခဲ့ကြောင်း ဩဂုတ် ၂၂ရက်တွင် တာဝန်ရှိသူများက ပြောကြားသည်။*

### အီရန်၏ ပထမဆုံး ဗုံးကြဲလေယာဉ်

*အီရန်နိုင်ငံက ပထမဆုံးဗုံးကြဲတိုက်ခိုက်ရေးလေယာဉ်ကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဩဂုတ် ၂၂ ရက်က အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားလိုက်သည်။ ၎င်းဗုံးကြဲတိုက်ခိုက်ရေးလေယာဉ်သည် လေးမီတာရှည်ပြီး လူလိုက်ပါခြင်းမရှိဘဲ မိုင် ၆၂၀ အကွာအဝေးအထိ ပျံသန်းပစ်ခတ်နိုင်ကြောင်း သိရသည်။* ***(အောက်ပုံ)***

(အမ်အန်အေ/ဆင်ဟွာ)



### ဘရာဇီးဗီမ်ခံဟိုတယ် လက်နက်ကိုင်များဝင်စီး

*ဘရာဇီးနိုင်ငံ ဆာအိုကွန်ရာဒိုအရပ်၌ ဩဂုတ် ၂၁ ရက်က လက်နက်ကိုင်မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့ဝင်များက အင်တာကွန်တီနင်တယ် ဇိမ်ခံဟိုတယ်အတွင်း ဝင်ရောက်စီးနင်းပြီး လူ ၃၀ အား ပြန်ပေးဆွဲသွားခဲ့ကြောင်း သိရသည်။*

### ကန်လေကြောင်းတိုက်ခိုက်မှု ခြောက်ဦး သေဆုံး

*ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း၌ ဩဂုတ် ၂၂ရက်က အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ် ဒုံးလက်နက်ဖြင့် ပစ်ခတ်မှုကြောင့် လက်နက်ကိုင်ကြွခြောက်ဦး သေဆုံးသွားကြောင်းသိရသည်။*

***(အင်တာနက်)***



# မကွေး F.C နိုင်ပွဲဆက်

**သတင်းဓာတ်ပုံ ဖိုးသော်ဇင်**

**စာမျက်နှာဖွဲ့စည်းမှု လှိုင်လှိုင်သင်း(မြန်မာ့အလင်း)**

ရန်ကုန် ဩဂုတ် ၂၂

**၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၃)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနဲ့ ဗထူးကွင်းတို့တွင် ဆက်လက်ကျင်းပရာ မကွေး F.C နဲ့ ဧယျာရွှေမြေတို့ နိုင်ပွဲတွေ ရရှိခဲ့ကြပါတယ်။**

**(သုဝဏ္ဏကွင်း)**

**မကွေး F.C - နှစ်ဂိုး။**

**ဆောက်သမ်းမြန်မာ- တစ်ဂိုး။**

အမှတ်ပေးဇယားအဆင့်(၅)မှာ ရပ်တည်နေတဲ့ မကွေးအသင်းဟာ အဆင့်ရပ်တည်မှုအတွက် အရေးပါတဲ့ စတုတ္ထနေရာက ဆောက်သမ်းမြန်မာအသင်းနဲ့ တွေ့ဆုံပွဲမှာ အမှားအယွင်းမရှိအောင် ကစားပြီး အမှတ်ပြည့်ရယူနိုင်ခဲ့ပါတယ်။ အခုပွဲအနိုင်ရခဲ့တာကြောင့် မကွေးအသင်းမှာ ဆောက်သမ်းအသင်းနဲ့ အမှတ်တူသွားပြီး တစ်ပွဲလျော့နေတာကြောင့် စတုတ္ထနေရာကိုရယူနိုင်ဖို့ အလားအလာကောင်းတွေ ပိုင်ဆိုင်သွားပါတယ်။

**သွင်းယူ**

မကွေးအသင်းဟာ ဇယားပေါ်က အသင်းတွေကို အမီလိုက်ဖို့လိုအပ်နေတာကြောင့် တစ်ပတ်အတွင်း သုံးပွဲကစားရဖို့ရှိပေမယ့် လွင်ဦး၊ အောင်မြင့်အေး၊ အဘိုလာဂျီ၊ မန်ဆာတို့နဲ့ လူစုံထုတ်ပြီး ကစားခဲ့ပါတယ်။ ဆောက်သမ်းအသင်းဟာ ပထမပိုင်းမှာ ကစားပုံပျက်နေတာကို အခွင့်ကောင်းယူပြီး မကွေးအသင်းဟာ တိုက်စစ်အသားပေး ကစားခဲ့ပါတယ်။ အားထားရတဲ့ နောက်ခံလူ ဂျက်ဆင် ပွဲပယ်ခံထားရတာကြောင့် ဆောက်သမ်း နောက်တန်းအားနည်းနေပြီး ပေးလိုက်ရတဲ့ နှစ်ဂိုးကလည်း ခံစစ်ပိုင်း အမှားကြောင့်ပဲ ဖြစ်ပါတယ်။ ၁၈မိနစ်မှာ အဘိုလာဂျီ ပေးတာကို ခိုင်ဇော်ထွန်းက လွတ်လွတ်ကျွတ်ကျွတ်ကန်သွင်းကာ ပထမဂိုးသွင်းယူခဲ့ပြီး ဒုတိယဂိုးကလည်း Counter ကနေ အောင်မြင့်အေးက ၃၄ မိနစ်မှာ သွင်းယူခဲ့တာဖြစ်ပါတယ်။

ဆောက်သမ်းအသင်းဟာ ပထမပိုင်းမှာ ပရင့်ဇ်နဲ့ နေဝင်းတို့ရဲ့ တောင်ပံနှစ်ဖက်ဟာ အလုပ်မဖြစ်ခဲ့ဘဲ ဒုတိယပိုင်းမှာ တင့်နိုင်ထွန်းသိန်းနဲ့ ထွန်းမင်းနိုင်တို့ ဝင်လာမှ ကစားပုံ ပြန်ကောင်းလာတာပါ။ ဆောက်သမ်း အသင်း အခွင့်အရေးတွေပြန်ရခဲ့ပေမယ့် ချေပဂိုးတစ်ဂိုးပဲပြန်ရခဲ့ပါတယ်။ အဲဒီဂိုးကိုတော့ ၆၄မိနစ်မှာ ကလစ်ဖို့ဒ်က သွင်းယူခဲ့တာပါ။

**(ဗထူးကွင်း)**

**ဧယျာရွှေမြေ - နှစ်ဂိုး။**

**နေပြည်တော် - တစ်ဂိုး။**

ပွဲအစ နှစ်မိနစ်မှာပဲ မာတင်က နေပြည်တော်အတွက် ဂိုးစတင်သွင်းယူခဲ့လို့ ဧယျာရွှေမြေနိုင်ပွဲရဖို့ အားထုတ်ရပါတယ်။ ၆၇ မိနစ်မှာ တိုက်စစ်မှူး ဗစ်တာက ချေပဂိုးပြန်သွင်းပြီး ၈၇ မိနစ်မှာ ဒရာဂန်ကအနိုင်ဂိုးသွင်းခဲ့လို့ ဧယျာရွှေမြေ နိုင်ပွဲပြန်ရပြီး ချန်ပီယံလမ်းကြောင်းပေါ်မှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာပါ။ **(မြန်မာ့အလင်း)**

**ယနေ့ပွဲ**

၂၃-၈-၂၀၁၀ (သုဝဏ္ဏကွင်း)

ဥသာယူနိုက်တက်-မနော်မြေ



ဆောက်သမ်းမှ ဆီတာ၏ထိုးဖောက်ဂိုးသွင်းမှုကို မကွေးနောက်ခံလူ ယန်ဆာ ဖျက်ထုတ်စဉ်။



## ကွင်းဆင်းဆောင်ရွက်

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဇေယျဝတီ ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၉ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)





စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ရွှေပြည်စိုးဧည့်ရိပ်မွန် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးဦးကျော်ဆန်း ရွှေပြည်စိုးဧည့်ရိပ်မွန် ဖွင့်ပွဲအခမ်းအနားနှင့် အိမ်ရာများလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၂၂

**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းတို့သည် ဩဂုတ် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ရွှေပြည်စိုးဧည့်ရိပ်မွန် ဖွင့်ပွဲအခမ်းအနားနှင့် အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ရွှေပြည်စိုး ဧည့်ရိပ်မွန် တည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က ရွှေပြည်စိုးဧည့်ရိပ်မွန်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ တိုင်းမှူးက မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အောင်ဇေယျ စစ်မှုထမ်းဟောင်းအိမ်ရာတွင် တည်ဆောက်ပြီးစီးခဲ့သည့် အိမ်ရာများကို တာဝန်ရှိသူတစ်ဦးက တိုင်းမှူးထံ လွှဲပြောင်းပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ရွှေပြည်စိုးဧည့်ရိပ်မွန်ကို လည်းကောင်း၊ စစ်မှုထမ်းဟောင်း အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## ပြောကြား

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ မြသလ္လာအစည်းအဝေးခန်းမ၌ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါး စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာက တိုင်းဒေသကြီး အတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှုကို လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌများနှင့် ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များက မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် မြစ်ရေတင် လုပ်ငန်းများမှ မိုးစပါးစိုက်ပျိုးနိုင်မှုတို့ကို လည်းကောင်း၊ အစည်းအဝေးတက်ရောက် လာကြသူများက အထွေထွေကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ကျေးသီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးအေးကိုတို့သည် ဩဂုတ် ၈ရက်က လားရှိုး-မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်းအား ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၁၈၉)

## ကျန်းမာရေး ရက်သတ္တပတ်ဆောင်ရွက်

လက်ပံတန်း ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးအေးမူနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါ်ဌေးနွယ်ဝင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေး ဆရာမများသည် ဩဂုတ် ၈ရက်က အသင်းရုံးတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ငါးနှစ်အောက် ကလေးငယ် အာဟာရကျွေးမွေးခြင်း၊ နို့ချို တိုက်ကျွေးနည်းများကို ဟောပြောပြသကြသည်။ အိုင်အိုဒင်းဆားများနှင့် ဆေးဝါးများ ဝေငှပေးခြင်းတို့ကို ဩဂုတ် ၃၁ရက်အထိ အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၇၅)

## မိုးမိတ်စည်ပင် တံတားတည်ဆောက်

မိုးမိတ် ဩဂုတ် ၂၂

မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော လက်ကြီး-မန်ဖွယ်လမ်းတံတားတည်ဆောက်နေမှုကို ဩဂုတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မိုးထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးအတွင်း မီးသတ်ကားဝင်ရောက်နိုင်မှုနှင့် မီးငြိမ်းသတ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇူလိုင် ၂၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောနိုင်နှင့် အတွင်းရေးမှူး ဦးနေဝင်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

## အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့်(စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင် အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင် အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ) နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

## မွေးမြူ/ဆေးကု ဆရာဝန်များ အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၂

၁၉၈၂ ခုနှစ် ဘွဲ့ရ မွေးမြူ/ဆေးကု ဆရာဝန်များသည် နိုဝင်ဘာလတွင် ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့ပွဲသို့ ပါဝင်လျှုဒါန်းလိုပါက ဒေါက်တာဝင်းမြင့် (Fortune) ဖုန်း-၀၉-၅၀-၁၄၆၄၅၊ ဒေါက်တာသန်းအောင်စိုး (NHL) ဖုန်း-၀၉-၅၀-၂၅၈၅၂၊ ဒေါက်တာထွန်းအောင် (LBVD) ဖုန်း-၀၉-၈၇၀၀၅၃၄၊ ဒေါက်တာ စန်းဦး ဖုန်း-၀၁-၂၅၃၉၀၆၊ ဒေါက်တာမြင့်လွင်(မန္တလေး) ဖုန်း-၀၉-၆၅၀၀၁၃၀၊ ဒေါက်တာ လှဲလှဲဝင်း ဖုန်း-၀၉-၅၀-၆၉၃၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့၏ တီဘီရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီရောဂါဆိုင်ရာ အမြင်သစ်များ (New Perspectives on Tuberculosis) ဟောပြောပွဲကို ဩဂုတ် ၂၈ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ ဌာနမှူးဒေါက်တာကြည်ကြည်သင်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆေးပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာဦးဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂) ကလေးဆေးပညာဌာနမှ ပါမောက္ခ ဌာနမှူးဒေါက်တာ ဦးစောဝင်းနှင့် အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းမှ ပိုးမွှားဗေဒ အထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာ ဒေါ်တီတီတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

## တက်ရောက်နိုင်

စိတ်ဝင်စားသူ မည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့၌ လည်းကောင်း၊ ဟောပြောမည့် နံနက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## သွေးလွန်တုပ်ကွေး ကာကွယ်

ဩဂုတ် ၂၁ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အဖွဲ့ခေါင်းဆောင် ဦးဌေးနိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာမွေလျှပ်စစ်)က ဦးဆောင်၍ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ၁၄၇ လမ်းနှင့် ၁၄၆ လမ်းအတွင်းရှိ အိမ်ခြေ ၈၀၊ အိမ်ထောင်စု ၁၅၆စုတို့ကို သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(၁၇၁)

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၆၇ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအောက်သို့ ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ခရိုင်အလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဩဂုတ် ၁၇ရက်က မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ခရိုင်အလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မုံရွာခရိုင် လက်ရွေးစင်အသင်းနှင့် ရွှေဘိုခရိုင် လက်ရွေးစင်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှု အားပေးသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပထမနှင့် ဒုတိယဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမဆုရ မုံရွာခရိုင် လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်သူအားကိုးသည့် ဆရာဝန်ကောင်းများဖြစ်အောင်ကြိုးစား လူနာအား မိသားစုသဖွယ် စေတနာထား ပြုစုကုသပေး

နေပြည်တော် ဩဂုတ် ၂၂

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယမန်နေ့နံနက် ၁၁နာရီက မန္တလေးမြို့ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး အဆောက်အအုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်း၊ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာအောင်မရနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**

ယင်းနောက် ဝန်ကြီးသည် ဆေးတက္ကသိုလ်(မန္တလေး)သို့ သွားရောက်၍ စာသင်ဆောင်-G (၁)၌ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းနှင့် မန္တလေးမြို့ရှိ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊သင်တန်းဆရာများ၊ ဆရာဝန် မွမ်းမံသင်တန်း (၂/၂၀၁၀) သင်တန်းသားများနှင့်တွေ့ဆုံရာ၌ ဝန်ကြီးက သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် ပြည်သူအား ကျေးဇူးဆပ်သည့်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စေတနာအပြည့်ထား၍ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရန်၊ မွမ်းမံသင်တန်းတွင် သင်ကြားသည့် သင်ခန်းစာများမှာ လက်တွေ့နယ်ပယ်၌ လုပ်ငန်းလိုအပ်ချက်များဖြစ်၍ ကြိုးစားလေ့လာသင်ကြား မှတ်သားကြရန်၊ ဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာစောင့်ထိန်းကြလျက် ပြည်သူအများအားကိုးအားထားပြုသည့် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားအားထုတ်၍ လူနာအား မိသားစုသဖွယ် စာနာစိတ်ဖြင့် စေတနာထား ပြုစုကုသပေးသွားကြရန် တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာဖတ်ရှုနိုင်မြင့်မားရေး အသိပညာပေးဟောပြော

ပေါင် ဩဂုတ် ၂၂

ပေါင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော စာဖတ်ရှုနိုင်မြင့်မားရေး အသိပညာပေး ဟောပြောပွဲများကို ဩဂုတ် ၁၄ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် နတ်ကြီးချောင် အထက(ခွဲ)၌ ကျင်းပရာ ဟောပြောပွဲတွင် ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး **(အပေါ်ပုံ)**နှင့် ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်းဌေးတို့က အမှာစကား ပြောကြားသည်။



## ဟောပြော

ထို့နောက် ပေါင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ(မောင်စိမ်းညို-ပေါင်)က **စာဖတ်ကြပါ** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့အတွင်းရေးမှူး ဦးအောင်မြင့်(ဘုန်းပွင့်ထွန်း)က **ယဉ်ကျေးလိမ္မာ** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့အမှုဆောင် ဦးခင်မောင်ဦး(မောင်ဦး-ဥတ္တံတား)က **အောင်မြင်တိုးတက် ဘဝအတွက်** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

## ပေးအပ်လှူဒါန်း

ဟောပြောပွဲအပြီးတွင် ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက နတ်ကြီးချောင် အထက(ခွဲ)အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူသည်။ ဆက်လက်၍ ထိုနေ့ညနေပိုင်းက မုတ္တမ အထကတွင်လည်းကောင်း၊ ဩဂုတ် ၁၅ရက် နံနက်ပိုင်းက ဇင်းကျိုက် အထကတွင်လည်းကောင်း၊ ညနေပိုင်းတွင် ရင်းငြိမ် အထက၌လည်းကောင်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၁၇၆)

**ဒဂုံမြို့နယ် မင်းကျောင်းလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ (လူမှုထူးချွန်) ဒူးရင်းသီး ဦးစိုးမြင့်-ဒေါ်ခင်မာရီ (မျိုးနို့ဆီမိသားစု)တို့က ဒူးရင်းသီးဦးစိုးမြင့်၏ ၇၅နှစ်ပြည့် မွေးနေ့တွင် နိုင်ငံတော် သံဃမဟာနာယက ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့ ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင် လက်ခံစဉ်။** (သတင်းစဉ်)



**ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်တင်တင်ဝင်းနှင့်အဖွဲ့ ဩဂုတ် ၁၃ရက်က ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ခရမ်းမြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများ ဆိုးဆေးသုံးစွဲမှု ရှိမရှိ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၂)ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၂)တွင် မြန်မာနိုင်ငံမှ အသက် ၁၁၈နှစ်ရှိ ဒေါ်မြကြည် ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးဖြစ်လာဖွယ်ရှိ၊ သက်တမ်းလွန်အိုဗာတင်းဘူးများ ဆင်ခြေဖုံးရှိ ရပ်ကွက်ကုန်စုံဆိုင်အချို့တွင် ရောင်းချမှုများရှိနေ၊ ရန်ကုန်မြို့တော်ဝန် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်၊ တိုက်ခန်းများအရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပြီ၊ ကမ္ဘာပေါ်၌ အသည်းရောင် အသားဝါရောဂါအဖြစ်များသည့် နိုင်ငံများတွင် မြန်မာပါဝင်၊ ကျပ်ငါးသိန်းတန် စီဒီအမ်အေဟန်းဆက်များ အရည်အသွေးမမီသည့်ဟန်းဆက်များနှင့် ရောနှောရောင်းချမှုရှိနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ပေးလို့ရ မျှမှရ Myanmar Channel၊ ဓမ္မစေတီခေါင်းလောင်းကြီးနှင့်ပတ်သက်၍ သုတေသနမှူးဦးကိုကို၏ အသံလွှင့်ဟောပြောချက်(၄)၊ Myanmar Discovery၊ သောင်းပြောင်းထွေလာဉ္ဉကမ္ဘာ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် လူသားတို့ ကျန်းမာရေး၊ ထောင်ထဲက ကျောင်းကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

တန်ဖိုးဆိုတာ အဖိုးမဖြတ်နိုင်တဲ့ အရာပဲဖြစ်တယ် အာရုံကြောဆိုင်ရာ ဇီဝဗေဒပညာရှင် ဂျွန်ဘယ်ရီနှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ရာသီဥတုပြင်းထန်ဆိုးရွားမှုက ကောက်ပဲသီးနှံအထွက်နှုန်းထိခိုက်၊ ဒီရေလှိုင်းတာဘိုင်စက်ဖြင့် ရှင်းသန့်စွမ်းအင်ထုတ်လုပ်မှု အကောင်အထည်ဖော်၊ အဘိုးအိုတစ်ဦး၏ ရင်ခေါင်းထဲရှိ ပဲစေ့တစ်စေ့မှ အညှောက်ထွက်ပေါ်၊ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က ပင်တဂွန်အသုံးစရိတ် လျှော့ချရေးကြိုးပမ်း၊ တရုတ်တွင်လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်ရောဂါတိုးပွားလာခြင်းက လိင်မှုကိစ္စအရေးကို ဖြေရှင်းရမည့်အနေအထားသို့ရောက်ရှိ၊ တရုတ်ဂေဟာမြို့ပြစီမံကိန်း မှုန်ဝါးဝါးရှိဆဲ၊ အိုစမာဘင်လာဒင်၏ ထမင်းချက်အား ထောင်ဒဏ် ၁၄နှစ်ပြစ်ဒဏ်ချမှတ်၊ H1N1တုပ်ကွေးအဆုံးသတ်ပြီဟု WHO ကြေညာ၊ အင်ဒိုနီးရှားတွင် ကလေးနို့မတိုက်သောမိခင်များ ထောင်ဒဏ်ကျခံရဖွယ်ရှိ၊ ၃၂နှစ်ကြာပြီးနောက် မလေးရှားကမ်းခြေသို့ ရှားပါးလိပ် ပြန်လည်ရောက်ရှိလာ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မေတ္တာအစွမ်းအံ့မခန်း** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၈၆)
၈:၄၀ 7 Golden Girls Live Show (Part-1)
၉:၃၅ Global Panorama
၁၀:၄၀ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁၀:၅၅ Activities in the City
-တိပိဋကဂန္ထဝင်နိကာယ် ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ
-မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၁/၂၀၁၀)ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် သင်တန်းရွေးချယ်ပွဲ
၁၁:၃၀ ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု Lumine Perfect Health
၁၁:၄၅ ဖန်တီးသူ၏ ပညာအစွမ်းမှသည်… လှပသောဘဝများဆီသို့
၁၂:၁၅ တိုးတက်စည်ပင် ပတ္တမြားမြေတစ်ခွင်
၁၂:၃၀ HIV/ AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး(အပိုင်း-၁) ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်
၁:၀၀ **မေတ္တာအစွမ်းအံ့မခန်း** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ The Champion of Dance
၃:၂၀ မူဟန်ကိုယ်စီတေးကိုသီ
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၆)
၄:၁၅ Activities in the City
-တိပိဋကဂန္ထဝင်နိကာယ် ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ
-မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (၁/၂၀၁၀) ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်သင်တန်းရွေးချယ်ပွဲ
၄:၅၀ ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု Lumine Perfect Health
၅:၁၀ စာအုပ်ပြခန်း (ရတီမဂ္ဂဇင်း)
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ 2010 Summer Youth Olympics
၆:၄၀ Celebrity Choice (အိမ့်ချစ်)
၇:၀၅ 7 Golden Girls Live Show (Part-2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ The Champion of Dance
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၆)
၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅ Celebrity Choice (အိမ့်ချစ်)
၁၀:၅၀ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ် (ဒူးရင်း)
၁၁:၀၅ Premier League Highlight
၁၁:၂၅ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဝွမ်းပုံ
၁၁:၄၀ မြန်မာ့လက်မှု ယွန်းအနုပညာ
၁၂:၀၀ စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## Barclays Premier League ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်းများ |
|---|---|---|
| ၁:၂၄ | Man City - Liverpool | ESPN (Live)<br>MRTV- 4 (Live) |

# ရေလုပ်သားများ၏ ရင်သွေးငယ်များအား ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်း

တောင်ကုတ် ဩဂုတ် ၂၂

တောင်ကုတ်မြို့နယ်အတွင်းရှိ ရေလုပ်သားများ၏ ရင်သွေးငယ်များ ပညာရေးအထောက်အပံ့အဖြစ် ကျောင်းသုံးဗလာစာအုပ်လှူဒါန်းပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းရှင်များ ပူးပေါင်းလျက် ဇူလိုင် ၂၆ရက်က သလိန်ပြင်ကျေးရွာ မူလွန်ကျောင်းနှင့် တောင်ရွာကျေးရွာ အမကကျောင်းတို့၌ ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်း၊ ဆရာ ဆရာမများ၊ ငါးလုပ်ငန်းရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ ကျောင်းသုံးဗလာစာအုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးကျော်ဆင့်က ရှင်းလင်းတင်ပြပြီး ဆရာ ဆရာမ ကိုးဦးနှင့် ကျောင်းသား ကျောင်းသူ ၂၇၇ဦးအတွက် ဗလာစာအုပ် ၈၅၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူ(ကျေးတော)-နေပြည်တော်အထိ အရှည်မိုင် ၁၂၀ကို ဆက်စပ်ဖောက်လုပ်နေသော ရိုးမဖြတ်ကျော် ရထားလမ်းမကြီး၏ ပထမဆုံး စတင်ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည့် ရထားလမ်းပိုင်းသစ်ပင်ဖြစ်ကြောင်း၊ ဤရထားလမ်းပိုင်းကို ၁၂-၉-၂၀၀၉ရက်မှ စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဖောက်လုပ်ချိန် ၁၁လကျော် ကြာမြင့်ခဲ့ကြောင်း၊ ဤရထားလမ်းပိုင်းသည် အများဆုံးကွေ့ဒီဂရီ ၈ ဒီဂရီ၊ ကွေ့ပေါင်း ၄၀နှင့် အများဆုံးဆင်ခြေလျှော ၁း၁၀၀ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်ဘူတာ၊ ပေါင်းတလည်



ဘူတာ၊ အင်ငါးခွဘူတာနှင့် ပေါက်ခေါင်းဘူတာ လေးဘူတာပါဝင်ကြောင်း။

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကိုအခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများဖောက်လုပ်လျက်ရှိရာ လျာထားလမ်း ကိုးလမ်း စုစုပေါင်း ၁၃၈၅မိုင်ရှိကြောင်း။

## အမြန်ဆုံးဖွင့်လှစ်

အဆိုပါရထားလမ်းများအနက်မှ မိုင်၃၂၀ကို ယနေ့အထိ ဖောက်လုပ်ပြီးစီးခဲ့ပြီး ရထားများပြေးဆွဲလျက်ရှိကြောင်း၊ ကျန်ရှိသော ရထားလမ်း ၁၀၆၅မိုင်ကိုလည်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဖောက်လုပ်လျက်ရှိကြောင်း။

၂၀၁၀ခုနှစ် ဩဂုတ် ၁၆ရက်တွင် နေပြည်တော်၌ပြုလုပ်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအစည်းအဝေး (၂/၂၀၁၀)မှလည်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း(အသစ်) လေးခုကို ချမှတ်ပေးခဲ့ကြောင်း၊ ဤစီမံကိန်းများမှာ (၁) နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း မိုင် ၁၂၀ ရထားလမ်း၊ (၂) မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်း ၄၇၄မိုင်၊ (၃) မုံရွာ-ယားကြီး-ကလေးဝ-ကလေး ရထားလမ်း ၁၃၅မိုင်၊ (၄) တောင်ငူ-ယာသို-လွိုင်ကော်ရထားလမ်း မိုင် ၁၅၀ တို့ဖြစ်ကြောင်း။

## ပိုမိုဖြစ်ထွန်းလာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်း ဒေသအားလုံးဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် ဘက်စုံ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့်ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်မြို့မှ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးမောင်မောင်အေးက ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတံခါးဘူတာရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့က ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

## ပက်ဖျန်းပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားလမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး လိုက်ပါစီးနင်းကြမည့် ခရီးသည်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှု အပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့်မကျန် ကဏ္ဍစုံတွင် တည်ဆောက်ပြုပြင်နိုင်ခဲ့။

ဤအခြေခံကောင်းများသည် ယနေ့ နိုင်ငံသူ နိုင်ငံသားများ အတွက်သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်လည်း အမွေခံကောင်းများဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန်လည်း မိမိတို့တွင်တာဝန်ရှိကြောင်း ထပ်လောင်း၍ သတိပေးပြောကြား။ မိမိတို့လက်ထက် တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများလက်ထက်တွင်လည်း တိုင်းကျိုးပြည်ပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတ ပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မည်သာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်နိုင်မည်။





## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

## လက်များဝှေ့ယမ်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရထားလမ်းတစ်လျှောက်ရှိ ဘူတာများနှင့် ကျေးရွာများမှ ဒေသခံပြည်သူများက လက်များဝှေ့ယမ်း၍ တပျော်တပါး နှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပေါက်ခေါင်းဘူတာသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းသည် လမ်းအရှည်မိုင် ၂၀ရှိပြီး ရွှေတံခါးဘူတာအပါအဝင် ဘူတာ ငါးဘူတာပါဝင်သည်။ စီမံကိန်းကို ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ရထားလမ်းပိုင်းတွင် တံတားကြီး/ငယ် ၉၃စင်းကို တည်ဆောက်ထားသည်။ ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဩဂုတ် ၂၃ရက်မှစတင်၍ သုံးရက်တိုင် အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ရထားစတင်ပြေးဆွဲ

**ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။** (သတင်းစဉ်)



## တောင်ပိုင်းဒေသများ မိုးပိုဖွယ်

နေပြည်တော် ဩဂုတ် ၂၂

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၂၃ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

# မန္တလာမြေအလှ ဖော်ညွှန်းပြဆို ဈေးချိုဆီသို့

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း- ကျော်မြင့်သန်း (လမ်းမတော်)

ရန်ကုန် ဩဂုတ် ၂၂

**လှပသော ဒီဇိုင်း၊ ခေတ်မီဆန်းသစ်သော အသွင်အပြင်၊ ခိုင်ခံ့သောတည်ဆောက်မှု၊ တင့်တယ်သော ဟန်ပန်တို့ဖြင့် မန္တလေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအလှကို ဖွင့်လှစ်ပြသနေသည်မှာ ဈေးချိုပင်ဖြစ်သည်။**

အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာသော မန္တလေးမြို့၏ အစည်ကားဆုံးနေရာ၊ ဈေးရောင်းဈေးဝယ်များ၊ အနယ်နယ်အရပ်ရပ်မှ ကုန်စည်များစုဝေးရောက်ရှိရာနေရာ၊ အဆောက်အအုံသစ်များဖြင့် ခံ့ညားသစ်လွင်မှုရှိနေသော ဈေးချိုသည်ကား မန္တလေးမြို့၏ နှလုံးအိမ်သဖွယ် တည်ရှိနေပြီ။

## လှေလာ

မန္တလေးမြို့သို့ သတင်းအဖွဲ့ရောက်ရှိစဉ် ချမ်းအေးသာစံမြို့နယ် ၈၄လမ်းနှင့် ၈၆လမ်း၊ ၂၆လမ်းနှင့် ၂၈လမ်းအကြားတွင် တည်ရှိသော ဈေးချိုသို့ ရောက်ရှိလေ့လာခဲ့သည်။ ဈေးချိုဧရိယာအတွင်း၌ ကားများ၊ ဆိုင်ကယ်နှင့်စက်ဘီးများက ပျားပန်းခပ်မျှ သွားလာလျက်။ ဈေးအဆောက်အအုံများကို ဖြတ်သန်းပြီး ဈေးများဌာနရုံးသို့ သွားရောက်ကာ သိလိုသည့်အချက်များကို မေးမြန်းခဲ့သည်။

## ပါဝင်

မန္တလေးဈေးချို ဧရိယာအတွင်း အဆင့်မြင့်ဈေးချို ခြောက်ထပ်အဆောက်အအုံ၊ လေးထပ်အမြင့်ရှိ တောင်ဘက်တိုက်တန်းကြီး၊ လေးထပ်အမြင့်ရှိသည့် မြောက်ဘက်တိုက်တန်းကြီး၊ အဆင့်မြင့်ဈေးချိုပလာဇာ ခုနစ်ထပ် အဆောက်အအုံနှင့် ၂၅ထပ်မြင့်သည့် မန်းမြန်မာပလာဇာများ ပါဝင်သည်။

ဈေးချိုဧရိယာအတွင်း ဈေးအဆောက်အအုံတိုင်းတွင် ဆိုင်ခန်းဖြင့်ရောင်းချနေသော ပစ္စည်းမျိုးစုံရှိပြီး ဈေးရောင်းဈေးဝယ်သူတို့အပြင် လေ့လာသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

## အသွင်တင့်

ဈေးချိုဧရိယာအတွင်း အထပ်ပေါင်း ၂၅ထပ်မြင့်သော မန်းမြန်မာပလာဇာကိုလည်း တည်ဆောက်လျက် ရှိနေသည်ကို တွေ့ရသည်။ မော့ကြည့်လျှင် ဦးထုပ်နှင့်ခေါင်းပေါင်းကျွတ်ကျမတတ် မြင့်မားသော မန်းမြန်မာပလာဇာကား တည်ဆောက်မှု ၉၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ လှပသောဒီဇိုင်းဖြင့် မန်းမြန်မာပလာဇာကား ဈေးချိုကို အသွင်တင့်စေသလို မြို့၏ဖွံ့ဖြိုးမှုအလှကိုလည်း ထပ်ဆင့်ဝေဖြာစေလျက်ရှိသည်။

## ဖွင့်လှစ်ရောင်းချ

မန်းမြန်မာပလာဇာ၏ ခြောက်ထပ်အထိ မော်တော်ယာဉ်များ မောင်းတက်နိုင်အောင် တည်ဆောက်ထားသည်ကို တွေ့ရသည်။ ခြောက်ထပ်အမြင့်တွင် ကားအစီးပေါင်းများစွာ ရပ်ထားနိုင်သည့် ကျယ်ဝန်းသော ကားရပ်နားစခန်းလည်း ထည့်သွင်း တည်ဆောက်ပေးထားသည်။ အထပ်ခုနစ်ထပ်မှစတင်၍ လူနေကွန်ဒိုတိုက်ခန်းများ ထည့်သွင်းတည်ဆောက်ထားရာ အထပ်တစ်ထပ်လျှင် ကွန်ဒိုတိုက်ခန်းလေးခန်းပါရှိကာ ဓာတ်လှေကားများ အပြည့်အစုံတပ်ဆင်ပေးထားသည်။ အရေးပေါ် ဆင်းတက်နိုင်သည့် ကွန်ကရစ်လှေကားနှင့် သံလှေကားများ တပ်ဆင်ပေးထားရာ တစ်ပြိုင်နက်တည်း လူ ၁၅ဦး ဆင်းနိုင်အောင် လှေကားများက ကျယ်ဝန်းကြောင်း တွေ့ခဲ့ရသည်။ မန်းမြန်မာပလာဇာတွင် မြေညီထပ်နှင့် ပထမထပ် ဆိုင်ခန်းများက ဖွင့်လှစ်ရောင်းချနေကြပြီဖြစ်သည်။

## ဈေးကြီးဖြစ်

မန္တလေးမြို့ကား မြန်မာနိုင်ငံအထက်ပိုင်းတွင် စည်ကားမှု၊ ဖွံ့ဖြိုးမှုအရှိဆုံးမြို့ကြီးဖြစ်သလို ဈေးချိုသည်လည်း ရောင်းဝယ်ဖောက်ကားမှု အဖွံ့ဖြိုးဆုံးဈေးကြီးတစ်ခု ဖြစ်နေပေပြီ။ ဈေးချိုဧရိယာအတွင်း ဆိုင်ခန်းပေါင်း ၈၀၀၀ခန့် ရှိသည်။

## စစ်ဆေး

ဈေးချိုမှာ ဥပုသ်နေ့တိုင်းပိတ်ပြီး ကျန်ရက်များတွင် ဖွင့်လှစ်ရောင်းချသည်ဖြစ်ရာ ရောင်းဝယ်ဖောက်ကားမှုဖြင့် အချိန်တိုင်း စည်ကားလှုပ်ရှားနေသည့် ဈေးလည်းဖြစ်သည်။ ဈေးချိုလုံခြုံရေး၊ သန့်ရှင်းရေးနှင့်မီးဘေးအန္တရာယ်ကိုလည်း ဈေးချိုအကျိုးဆောင်အဖွဲ့နှင့် ပူးပေါင်းပြီးဆောင်ရွက်နေသည်။ မီးသတ်ဆေးဘူးများကို ဆိုင်ခန်းတိုင်းတွင် ချိတ်ပေးထားသည့်အပြင် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် စစ်ဆေးရေးအဖွဲ့များကလည်း စနစ်တကျဖြင့် လိုက်လံစစ်ဆေးလျက်ရှိနေသည်ကို တွေ့ခဲ့ရသည်။

## သတ်မှတ်

ဈေးချိုဧရိယာအတွင်း ဆိုင်ခန်းများနှင့် လမ်းများတွင် သန့်ရှင်းသပ်ရပ်မှု ရှိစေရန် အမှိုက်ပုံးများ၊ အမှိုက်သိမ်းယာဉ်များကို ထားရှိပေးထားပြီး အမှိုက်သိမ်းယာဉ်ပေါ် တိုက်ရိုက်စွန့်သည့်စနစ် ပြုလုပ်ပေးထားသည်။ အမှိုက်ကို တိုက်ရိုက်စွန့်ပစ်သည့်စနစ်ဖြစ်ရာ ဈေးချိုသည်ကား သန့်ရှင်းလျက်ရှိနေသည်။ မီးသတ်ယာဉ်တစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့အင်အား ၃၀ကို ၂၄နာရီပတ်လုံး အသင့်အနေအထားရှိရန် စီစဉ်ထားသည်။ မန္တလေးတိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကြီးကြပ်ဆောင်ရွက်မှုများကြောင့် မီးဘေးကင်းရေးအတွက် စနစ်တကျစီစဉ်ထားမှုမှာ အားရစရာ ကောင်းလှသည်။ အရေးပေါ်မီးဘေးကြုံလျှင် မီးသတ်ယာဉ်များက အသင့်အနေအထားဖြင့် မီးသတ်ရန် သတ်မှတ်နေရာများသို့ အချိန်မီရောက်ရှိနေစေရန်လည်း စီမံထားသည်။

## စည်ကား

ထို့နောက် ဈေးချိုမှ ရတနာပုံဈေးသို့ သွားရောက်လေ့လာခဲ့သည်။ ရတနာပုံဈေးမှာ အောင်မြေသာစံမြို့နယ်အတွင်း တည်ရှိပြီး ၇၈လမ်းနှင့်၃၃လမ်း ၃၄လမ်းကြားတွင် တည်ရှိသည်။ မန္တလေးမြို့တွင် မြို့တော်စည်ပင်သာယာရေးမှ တာဝန်ယူထားသည့် ဈေးပေါင်း ၃၇ဈေးရှိကြောင်း သိရသည်။ အခွန်လွတ်ဈေးမှာ ခုနစ်ဈေး ရှိသည်။ ဈေးအားလုံးမှာ ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

## အကောင်အထည်ပေါ်

ရတနာပုံဈေးကား လွန်ခဲ့သည့် နှစ်နှစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း ယခုအခါ အားလုံးနီးပါး ပြန်လည်တည်ဆောက်မှု ပြီးစီးလုနီးပါးဖြစ်နေသည်။ ယခင်က လေးထပ်ဈေးအဆောက်အအုံဖြစ်သော်လည်း ယခုအခါ ခြောက်ထပ်အဆောက်အအုံအဖြစ် တည်ဆောက်ထားသည်။ မြေညီထပ်တွင် ဆိုင်ခန်းပေါင်း ၁၅၀၀ကျော်ရှိပြီး မူလပိုင်ရှင်များအား ပြန်လည်ချပေးထားသည်ကို တွေ့မြင်ခဲ့ရသည်။ မြေအောက်ထပ်တွင် ကားရပ်ဝင်း၊ သားငါးတန်း၊ ကုန်စိမ်းများကိုရောင်းချရန် သတ်မှတ်ပေးထားသည်။ ရတနာပုံဈေး ပြန်လည်ဆောက်လုပ်မှုကား သက်ဆိုင်ရာတာဝန်ရှိသူများနှင့်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကြိုးစားဆောင်ရွက်မှုကြောင့် အချိန်တိုအတွင်း အကောင်အထည်ပေါ်လာခြင်း ဖြစ်သည်။

## ဖော်ညွှန်းပြသ

မန္တလေးမြို့နှင့် ဈေးချိုကား ခွဲခြား၍ မရချေ။ ထို့အတူ ညီနောင်ဈေးများနှင့် လည်းဆက်စပ်ကာ ရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ကားလျက်ရှိသည်။ ဈေးချိုအပါအဝင် အခြားဈေးများက မန္တလေးမြို့၏ တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ညွှန်းပြသနေသည့် ပြယုဂ်အသွင် တည်ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)

**ဈေးချိုအဆောက်အအုံ၏ ခံ့ထည်မှုနှင့် ဝန်းကျင်၌ စည်ကားမှုကို ဤသို့တွေ့ရသည်။**



**မန်းမြန်မာ ဈေးချိုပလာဇာ၏ တည်ဆောက်ထားမှု ဒီဇိုင်းကို ဤသို့ ခေတ်မီလှပစွာ တွေ့ရသည်။**



# နိုင်ငံတကာသိပွဲသုတ



## ကမ္ဘာ့ အမြန်ဆုံးရေယာဉ်ငယ်

ကာတာနိုင်ငံမှ ချဲလင်ဂျာဟု အမည်ပေးထားသော အမြန်ရေယာဉ်ငယ်သည် ကမ္ဘာပေါ်တွင် အမြန်ဆုံးမောင်းနှင်နိုင်သော ရေယာဉ်ငယ်တစ်စင်းအဖြစ် မှတ်တမ်းတင် ဖော်ပြခြင်းခံခဲ့ရသည်။

အဆိုပါအမြန်ရေယာဉ်သည် ကာတာမာရိန်းစပို့စ် ဖက်ဒရေးရှင်းမှ ပိုင်ဆိုင်ပြီး ဓာတ်ငွေ့သုံး အင်ဂျင်နှစ်လုံးတပ်ရေယာဉ်ဖြစ်သည်။ ရှိတ်ဟာဆန်ဘင်ဂျာဘောအယ်တာနီနှင့် အဗ္ဗဒူလာ ဆူလေထီတို့ မောင်းနှင်သည့် ရေယာဉ်ငယ်ဖြစ်သည်။

### အမြန်နှုန်း

ချဲလင်ဂျာအမြန်ရေယာဉ်ငယ်သည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ အမြန်နှုန်းဖြင့် မောင်းနှင်နိုင်သည်။ ၄င်းရေယာဉ်ဖြင့် ပင်လယ်ကွေ့ကိုဖြတ်သန်းကာ အဘူဒါဘီမြို့မှ ဒိုဟာမြို့သို့ တစ်နာရီနှင့်အရောက် မောင်းနှင်ပြသခဲ့သည်။

၄င်းချဲလင်ဂျာရေယာဉ်အမျိုးအစားကို ကာတာစော်ဘွားနွယ်များ အသုံးပြုနိုင်သည်ဟု လေ့လာသူများက ထင်ကြေးပေးထားသော်လည်း စော်ဘွားနွယ်များသည် ယခုအခါ တစ်နာရီကီလိုမီတာ ၁၆၀နှုန်းသာ မောင်းနှင်နိုင်သည့် ရေယာဉ် အမျိုးအစားကိုသာ အသုံးပြုလျက်ရှိသည်။

တစ်နာရီကီလိုမီတာ ၃၀၀မောင်းနှင်နိုင်သဖြင့် ကမ္ဘာပေါ်တွင် အမြန်ဆုံးရေယာဉ်ငယ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်)**

# ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည့်နေရာပြောင်းရွှေ့

ပြည် ဩဂုတ် ၂၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမွှာရုံ၌ ကျင်းပမည့်အစီအစဉ်မှ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီးရှိ အကောက်ခွန်မွှေသုခရိပ်သာမွှာရုံသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းနှင့် ကျောက်ပန်းတောင်း ပလာတာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်အသင်း)**

# အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ မောင်တောမြို့နယ်၌ ကျင်းပ

**မောင်တော** ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင် သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၉/ ၂၀၁၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၅/၂၀၁၀) ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၉နာရီက မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ဆုချီးမြှင့်

သင်တန်းဆင်းပွဲတွင် မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ ကျောင်းသူများအား ဆုချီးမြှင့်သည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအုပ် ဒေါ်နီလာကြည်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

**ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် တူးဖော်ပြီးစီးသော ဒွေးလှကျေးရွာ နှစ်လက်မစက်ရေတွင်း ရေစမ်းသပ်မောင်းနှင်နေမှုကို ဇူလိုင်၂၀ရက်က လက်ထောက်အင်ဂျင်နီယာ ဦးသိန်းထွေး ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းထွန်း ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)






# အောက်မြန်မာပြည် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ စားပွဲတင်တင်းနစ်ဆုပေးပွဲ

## တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၂

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်၂၀ရက်က ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။ **(အပေါ်ပုံ)**

### ကြည့်ရှုအားပေး

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက အသင်းလိုက်ပြိုင်ပွဲတွင်ပထမရရှိသော မော်လမြိုင်တက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်းပွဲ

## ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၀ရက် နံနက် ၁၁နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

### ထူးချွန်ဆု

ထို့နောက် ဝန်ကြီးက သင်တန်းထူးချွန်ဆုများချီးမြှင့်ရာ ပထမဆုရ ဒေါ်စန္ဒာအောင်၊ ဒုတိယဆုရ ဒေါ်လှိုင်မိုးဆွေနှင့် တတိယဆုရ ဒေါ်အိသူမြင့်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထန်းတပင်မြို့နယ်၌ လှူဒါန်း

ထန်းတပင် ဩဂုတ် ၂၂

ထန်းတပင်မြို့နယ် အမှတ်(၅)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၇ရက်က ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး **(အောက်ပုံ)**၊ မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်တို့က ကျောင်းသား ကျောင်းသူလေးများအား ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်၊ ထီး၊ ဖိနပ်၊ စာရေးကိရိယာများနှင့် သန့်လေးသန့်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၁၈၃)**



# ငါးသယံဇာတ မပြုန်းတီးရေး ပညာပေးဟောပြောပွဲ မြောင်းမြ၌ ကျင်းပ

မြောင်းမြ ဩဂုတ် ၂၂

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် **ပြောင်းလဲဝန်းကျင် ညီစေချင်၊ မြှင့်တင်ကြိုးပမ်း ငါးလုပ်ငန်း** ခေါင်းစဉ်ဖြင့် ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက မြောင်းမြမြို့ ပညာရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြောင်းမြခရိုင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းနောင်က **(အောက်ပုံ)** Fisheries for Food Security "Adaptation to the changing Environment" **ပြောင်းလဲဝန်းကျင် ညီစေချင်၊ မြှင့်တင်ကြိုးပမ်းငါးလုပ်ငန်း** ခေါင်းစဉ်ဖြင့် ယနေ့ကမ္ဘာပေါ်တွင် ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ ငါးလုပ်ငန်းဆိုင်ရာ ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိအောင် ထိန်းသိမ်းရေး၊ ငါးထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရေးအတွက် ရေချို/ရေငန် ငါးဖမ်းဆီးမှုသာမက ရေရှည်တွင် ငါးထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချသော ကုန်းတွင်းပိုင်း ရေချိုဒေသများ ငါးမွေးမြူမှု ပိုမိုထုတ်လုပ်နိုင်ရေး၊ ရေငန်ပုစွန်ကို မွေးမြူနိုင်ရန် စမ်းသပ်ဆောင်ရွက်နေမှုများ၊ ငါးလုပ်ငန်းဆိုင်ရာ မွေးမြူခြင်း၊ ဖမ်းဆီးခြင်း၊ ထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းကဏ္ဍများကိုလည်း အထူးအလေးထားဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**




# ရမည်းသင်းမြို့နယ်၌ တံတားဖွင့်ပွဲကျင်းပ

ရမည်းသင်း ဩဂုတ် ၂၂

ရမည်းသင်းမြို့နယ် ဇီးတောပင်ချောင်းခွကျေးရွာအုပ်စု ဇီးတောပင်ကျေးရွာတွင် ဩဂုတ်၁၇ရက် နံနက် ၈နာရီခွဲက ကိုယ့်အားကိုယ်ကိုး ရွာအဝင်တံတား ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဇီးတောပင်ကျေးရွာအဝင် ကွန်ကရစ်တံတားကို ဇီးတောပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် ကျေးရွာအလှူရှင်များကိုယ်စား ဦးကုလားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)** အဆိုပါ ဖွင့်လှစ်သည့် ကွန်ကရစ်တံတားမှာ အရှည် ၅၃ပေ၊ အကျယ် ၁၅ပေဖြစ်ပြီး စုစုပေါင်း တံတားတည်ဆောက်မှု ကုန်ကျငွေကျပ် ၄၅သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကုန်းခါးရပ်ကွက် နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ ဇူလိုင် ၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)




## သတိပေးနှိုးဆော်ချက်

*နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။*

*နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။*

## ကေတုမတီဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက် ဆုချီးမြှင့်ပေး

**နေပြည်တော် ဩဂုတ် ၂၂**

ကေတုမတီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ်၁၇ရက်က တောင်ငူခရိုင် အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ တာဝန်ရှိသူများက ပထမဆုနှင့် ဒုတိယဆုရရှိသော အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် နေရာအလိုက် အကောင်းဆုံးဆုများကိုလည်းကောင်း၊ တိုင်းမှူးက ဒုတိယဆုရရှိသော အသင်းအတွက် ငွေသားဆု၊ ပထမဆုရရှိသောအသင်းအတွက် ငွေသားဆုနှင့် တံခွန်စိုက်ဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



## စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ လစဉ်ပုံမှန် အစည်းအဝေးနှင့် ၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများမှ ၂၀၁၀ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော အထက်တန်းကျောင်းသား ကျောင်းသူ ၂၁၇ဦးနှင့် ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၂၅၁၀၀၀၀ကို ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်**(အငြိမ်းစား)**နှင့် ဗိုလ်ကြီးစိန်ဝှက် (အငြိမ်းစား)တို့က ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံယူကြသည်။ **(စစ်မှုထမ်းဟောင်းအဖွဲ့)**

## သဘာဝဘေးအန္တရာယ်သတင်း

## ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် အဆိုးရွားဆုံးရေကြီးမှုများဖြစ်ပွား

မြင့်မောင်စိုး-စုစည်းသည်

**အစ္စလမ္မာဘတ် ဩဂုတ် ၂၂**

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် အဆက်မပြတ်မိုးရွာသွန်းကာ ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ယခုအခါ ရေကြီးမှုဒဏ်ခံရသော နိုင်ငံများ တိုးပွားလာသည့်အပြင် ရေကြီးမှုသည်လည်း တစ်နေ့တခြား ဆိုးရွားလာခဲ့သည်။**

### ပါကစ္စတန်နိုင်ငံ

ပါကစ္စတန်တွင် မုတ်သုံမိုးများ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ဖြစ်ပေါ်ထုတ်လုပ်မှု ကျဆင်းမည်ဖြစ်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။



ပါကစ္စတန်နိုင်ငံအလယ်ပိုင်း မူဇာဖာဂတ်ဒေသ၌ ရေကြီးမှုဖြစ်ပွားလျက်ရှိသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။

လျက်ရှိသော ရေကြီးမှု သဘာဝဘေး အန္တရာယ်သည် တစ်လပင်ပြည့်တော့မည် ဖြစ်သည်။

သို့သော်လည်း ပြည်သူသန်းပေါင်းများစွာတို့မှာ ရေဘေးဒုက္ခကို ခါးစည်းရင်ဆိုင်နေကြရဆဲဖြစ်သည်။ ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် မြစ်ရေများလျှံပြီး ဒေသအများအပြားကို လွှမ်းခဲ့သဖြင့် လူပေါင်းနှစ်သန်းခွဲခန့် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း ဩဂုတ် ၂၂ ရက်က တာဝန်ရှိသူများက ပြောကြားသည်။ မုတ်သုံမိုးများ ရွာသွန်းခဲ့သဖြင့် နိုင်ငံ၏ရေိယာ ငါးပုံတစ်ပုံမှာ ရေလွှမ်းမှု ဖြစ်ပွားခဲ့ရသည်။ အဆိုးရွားဆုံးဒေသများမှာ ဆင်းပြည်နယ်နှင့် ပန်ဂျပ်ပြည်နယ်တို့ ဖြစ်ကြသည်။ ကျေးရွာပေါင်းများစွာ ရေအောက် နစ်မြုပ်နေဆဲဖြစ်သည်။ ပြည်သူ သန်း၂၀ ကျော် ရေကြီးမှုသဘာဝ



တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးဒေသ၌ မြစ်ရေကြီးမှုဖြစ်ပွားနေသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။

ဘေးအန္တရာယ်ကို ရင်ဆိုင်နေကြရဆဲ ဖြစ်သည်။ ရေကြီးမှုကြောင့် သေဆုံးသူ ပေါင်း ၁၆၀၀ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ရေကြီးမှုဖြစ်ပွားခဲ့သဖြင့် ပြည်သူ ခြောက်သန်းခန့်မှာ စားနပ်ရိက္ခာများ၊ အရေးပေါ်အကူအညီများ လိုအပ်နေကြောင်း၊ ဆေးဝါးနှင့်အစားအစာများ၊ နေစရာရှက်ဖျင်တဲများနှင့် သောက်သုံးရေများ လိုအပ်လျက်ရှိကြောင်း သိရသည်။ ရေကြီးမှု နောက်ဆက်တွဲအဖြစ် ငှက်ဖျားရောဂါများဖြစ်ပွားခြင်း၊ ကာလဝမ်းရောဂါများဖြစ်ပွားခြင်းနှင့် အဖျားရောဂါများ ဖြစ်ပွားခြင်းစသော ဘေးဒုက္ခ အသွယ်သွယ်ကိုလည်း တစ်ပြိုင်နက်ခံစား ရင်ဆိုင်နေကြရသည်။ ရေကြီးမှုကြောင့် လမ်းနှင့် တံတားများ မျောပါသွားခဲ့သဖြင့် သွားရေးလာရေးခက်ခဲနေသည်။

အဆိုပါ ရေကြီးမှုဖြစ်ပွားခဲ့သဖြင့် နိုင်ငံ၏စိုက်ပျိုးမြေဟက်တာ ၁ ဒသမ ၆၄သန်းခန့်အထိ ပျက်စီးခဲ့သည်။ ဤသို့ ထိခိုက်ပျက်စီးမှုကြောင့် အဓိက စိုက်ပျိုးထုတ်ကုန်များဖြစ်သည့် ဝါ၊ ကြံနှင့် ဂျုံ

### တရုတ်နိုင်ငံရေကြီးမှု

တရုတ်နိုင်ငံတွင်လည်း ယခုနှစ် အတွင်း အဆိုးရွားဆုံးရေကြီးမှု သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ကြရသည်။ အဆိုးရွားဆုံးဒေသများမှာ စီချွမ်ပြည်နယ်တွင်ဖြစ်သည်။ နိုင်ငံအနောက်ပိုင်း၌ မကြာမီက ဖြစ်ပွားခဲ့သော ရေကြီးမှု၊ မြေပြိုမှုများကြောင့် သေဆုံးသူစုစုပေါင်း ၂၅၀၀ခန့်ရှိခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၁ရက်က လျောင်နင်းပြည်နယ် ဒန်ဒေါင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့သဖြင့် လေးဦးသေဆုံးခဲ့ပြီး လူပေါင်း ၉၄၀၀၀ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

### မြောက်ကိုရီးယား

မြောက်ကိုရီးယားနိုင်ငံ စင်နဂျူမြို့၌ ယာလုမြစ်ရေကြီးမှုကြောင့် ဒေသခံပြည်သူပေါင်းငါးထောင်ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည် ဆို၏။ ယင်းရေကြီးမှုကြောင့် ကျေးရွာပေါင်း ငါးရွာ ရေအောက်နစ်မြုပ်ခဲ့ရပြီး နေအိမ် အများအပြား ရေစီးတွင် မျောပါသွားခဲ့ကြောင်း သိရသည်။

### ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံမြောက်ပိုင်း လမ်ပန်းပြည်နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ထောင်ပေါင်းများစွာသောဒေသခံများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဩဂုတ် ၂၂ ရက်က သတင်းထုတ်ပြန်ထားသည်။ ဟွာမောင့်ခရိုင်အတွင်း တောင်ကျရေများ တစ်ဟုန်ထိုးစီးဆင်းခဲ့ပြီး ရေကြီးမှုကြောင့် နေအိမ်အလုံး ၁၀၀ကျော် ရေအောက်တွင် နစ်မြုပ်သွားကြောင်း၊ နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ရေဘေးအန္တရာယ် သတိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

တကယ်တော့ အဆိုပါရေကြီးမှု သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးအဖြစ် ပြည်သူများ တွေ့ကြုံခံစားနေရခြင်းဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**



သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် ကောက်လျှင်(၁)လမ်း အမှတ်(၁၅၄/၁)နေ မိဘနှစ်ပါးအား ရည်စူး၍ သား ဒုတိယဗိုလ်မှူးကြီးအောင်ကြီး (ငြိမ်း) မိသားစုနှင့် သမီး ဒေါ်ခင်မာကြိုင်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်သန်းမြင့်တို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၃-၈-၂၀၁၀**
**(တနင်္လာနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ -ပဌာန်းကျမ်းကြီးနှင့်ရှင်ဝိမလ |
| ၇:၂၀ | ၄။ | ခမ္ဘပူဇာတေး |
| ၇:၂၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၃၀ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၅ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၂၅ | ၄။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄:၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၄၅ | ၆။ | စိုက်ပျိုးသုတ |
| ၄:၅၅ | ၇။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅:၂၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅:၃၀ | ၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၁ ) |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆:၄၀ | ၁၃။ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၁ ) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | Talk of the Town |
| | ၂၀။ | မေးမြန်းစူးစမ်း |
| | ၂၁။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** အပိုင်း-(၇၄) |
| | ၂၄။ | Mini Series အပိုင်း (၇) |
| | ၂၅။ | သင့်အတွက်မနက်ဖြန်။ |



## အင်တာနက်စာကြည့်တိုက်အဆင့် တိုးမြှင့်ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၂၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် (ကျောက်တံတား)စာကြည့်တိုက်အတွင်း၌ ဖွင့်လှစ်ထားရှိသော e-Library စာကြည့်တိုက်အား Internet စာကြည့်တိုက်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီက ခရိုင်ရုံး စာကြည့်တိုက်အတွင်း၌ ကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော် **(အငြိမ်းစား)** က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ရုံး စာကြည့်တိုက်သို့ သီရိကုဋ္ဌေကြွယ်ကုမ္ပဏီမှ လူမှုထူးချွန် ဦးရဲအောင်နှင့် သုမေ္ဓာသီဂီ ဒေါ်လဲ့လဲ့ဝင်း မိသားစုက စာကြည့်တိုက်သုံး ဗီရိုနှစ်လုံးကို လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက လက်ခံပြီး ဂုဏ်ပြုလက်မှတ် ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



ဩဂုတ် ၄ရက်က မိတ္ထီလာမြို့ မြို့မဈေးကြီးအတွင်းရှိ ဆားရောင်းချသည့် ဆိုင်များအား အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး -၂ ဦးသန်းစိုးဦးနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (၀၈၆)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ ဆက်လက်ဆင်နွှဲ

➢ စုစည်းရေးသားသူ - အာကာကျော် ➢စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

စင်ကာပူ ဩဂုတ် ၂၂

**၂၀၁၀ လူငယ်အိုလံပစ်အားကစားပြိုင်ပွဲများ ဩဂုတ် ၂၂ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မလေးရှားအမျိုးသမီးငယ် ပန်ဒီလီလာက အမျိုးသမီးဒိုင်ဗင် ၁၀ မီတာ ပလက်ဖောင်း ပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးလိုက်နိုင်သဖြင့် ဆုတံဆိပ်မိုးခေါင်မှု အဆုံးသတ်သွားပြီဖြစ်သည်။**

အဆိုပါအမျိုးသမီး ၁၀ မီတာ ဒိုင်ဗင်ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ လူဂျာအိုက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ကြေးတံဆိပ်ကို မြောက်ကိုရီးယားမှ စင်ဂျီရန်းက ဆွတ်ခူးနိုင်ခဲ့သည်။

မလေးရှား အမျိုးသမီးဒိုင်ဗင် အားကစားမယ် ပန်ဒီလီလာသည် အမျိုးသမီး ၃မီတာ စပရင်ဘုတ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။





**အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် အစ္စရေးမှ ဒီမစ်ထရီခရိုင်တော အောင်ပွဲခံနေစဉ်။**

**အမျိုးသမီး မီတာ ၁၀၀ ပြေးပွဲတွင် နိုင်ဂျီးရီးယားမှ အိုမာကာ(လယ်) ပန်းဝင်လာသည်ကို ဤသို့ တွေ့ရသည်။**

### မီတာ ၁၀၀

အမျိုးသမီး မီတာ ၁၀၀ ပြေးပွဲတွင် နိုင်ဂျီးရီးယားမှ ဂျီးဇက်ဖိုင်းအိုမာကာက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအမျိုးသမီး မီတာ ၁၀၀ ပြေးပွဲတွင် ဒိုမီနီကန် သမ္မတနိုင်ငံမှ ဖန်နီချာလတ်က ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ပြီး ဗြိတိန်မှ အာနီတာဂိုးက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### တုတ်ထောက်ခုန်

အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ဆွီဒင်နိုင်ငံမှ အိန်ဂျယ်လီကာဘန့်ဆွန်က အမြင့်ဆုံးခုန်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### အမျိုးသား မီတာ ၁၀၀

အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် ဂျမေကာနိုင်ငံမှ လူငယ်မျိုးဆက်သစ်အပြေးသမား အိုဒိန်းစတင်းက ပန်းဝင် ဗိုလ်စွဲခဲ့သည်။

**အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ဆွီဒင်နိုင်ငံမှ အိန်ဂျယ်လီကာဘန့်ဆွန်၏ ပြိုင်ပွဲဝင်ဟန်။**



### အမြင့်ခုန်

အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် အစ္စရေးမှ ဒီမစ်ထရီခရိုင်တောက ရွှေတံဆိပ် ဆွတ်ခူးသည်။

### တင်းနစ်

အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် အိန္ဒိယမှ ယူကီဘရမ်ဘရီက ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ ယူကီသည် ဘော့စနီးယားမှ ဒီဇွန်ဟာကို အနိုင်ရပြီး ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၄င်းသည် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း ဒဏ်ရာကြောင့် အနားယူလိုက်ရသည်။

အိန္ဒိယနိုင်ငံက စင်ကာပူလူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် ယူဘီ၏ ငွေတံဆိပ်အပါအဝင် ဆုတံဆိပ် လေးခု ရရှိထားသည်။

### မီတာ ၁၀၀၀

အမျိုးသား မီတာ ၁၀၀၀ပြိုင်ပွဲတွင် အီသီယိုးပီးယားမှ ဂျယ်လီတိုက ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ကာတာနိုင်ငံမှ ဟမ်ဇာဒရီယိုက ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး ဗြိတိန်မှ ချလီဂရိစ်က ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် ဂျမေကာနိုင်ငံမှ အိုဒိန်းစတင်း ပန်းဝင်အောင်ပွဲခံနေစဉ်။**

အဆိုပါ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲများကို ဩဂုတ် ၂၆ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ။ **(အင်တာနက်)**

ကောင်းမြတ်သူ - ရေးသားသည်

## ဘင်နီတက်ဇ် ပထမဆုံးဖလားဆွတ်ခူးပြီ

**မီလန် ဩဂုတ် ၂၂**

အင်တာမီလန်နည်းပြသစ် ရာဖေးလ်ဘင်နီတက်ဇ်သည် ဩဂုတ် ၂၁ရက်က အင်တာမီလန်အသင်းနှင့် ရိုးမားတို့ ယှဉ်ပြိုင်ကစားသည့် စူပါကော့ပါဖလားပြိုင်ပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ပထမဆုံးဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဂွန်အာနီရစ်ဆီက ပွဲစပြီး ၂၁မိနစ်အကြာ အဖွင့်ဂိုး သွင်းယူခဲ့သည်။ သို့သော် ဂိုရန်ပန်ဒက်ဗ်က ဒုတိယပိုင်းပြန်စပြီး လေးမိနစ်အကြာတွင် ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

### အလားအလာရှိ

အင်တာမီလန်တိုက်စစ်မှူး ဆမ်မြူရယ်အီတူးက ပွဲချိန် မိနစ် ၇၀နှင့် ၈၀တို့တွင် ဂိုးများ ဆက်တိုက်သွင်းယူခဲ့၍ ပွဲအပြီး သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ရာသီအဖွင့် ပထမဆုံးဖလား ဆွတ်ခူးနိုင်ခဲ့သည်။ အင်တာမီလန်အသင်းသည် ၂၀၁၀ခုနှစ်အတွင်း ဖလားခြောက်လုံး ဆွတ်ခူးရန် အလားအလာရှိနေသည်။ **(အင်တာနက်)**



**အင်တာမီလန်အတွက် ဒုတိယ ဂိုးကို အီတူးက ဤသို့ သွင်းယူခဲ့သည်။**



## စူပါကိုပါဖလား ဘာစီလိုနာအသင်းဆွတ်ခူး

**မက်ဒရစ် ဩဂုတ် ၂၂**

တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ဘာစီလိုနာအသင်းနှင့် ဆီဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စူပါကိုပါဖလားပြိုင်ပွဲတွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းပြီး ဖလားဆွတ်ခူးပေးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

### အဖွင့်ဂိုးရ

ယင်းပြိုင်ပွဲတွင် စပိန်အသင်း၏ အဓိကကြယ်ပွင့်များဖြစ်သည့် ဒေးဗစ်ဗီလာ၊ ပူယိုးလ်၊ အင်နီယေစတာတို့ ပါဝင်ကစားခဲ့သည်။ ပွဲစပြီး ၁၄မိနစ်အကြာ ကွန်တိုကကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ ဆီဗီလာတို့ အဖွင့်ဂိုးရခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဘာစီလိုနာက ပထမအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ဒုတိယအကျော့၌ လေးဂိုးပြတ်သွင်းယူကာ ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**

# Royal Club ရွှေခါးပတ်ချန်ပီယံ (၂၀၁၀) ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပပြီးစီး

## လက်ရှိရွှေခါးပတ်ချန်ပီယံများ ပြိုင်ပွဲမှထွက်ခွာရ

ဇင်လင်းထွန်း (နေပြည်) ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H & S Group နှင့် T & T Group တို့ ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ (၂၀၁၀) ဆီမီးဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များကို ဩဂုတ်၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ လေးချီအထူးပွဲတစ်ပွဲ၊ ဝိတ်တန်းအလိုက် ဆီမီးဖိုင်နယ်ပွဲစဉ် ခုနစ်ပွဲဖြင့် ကျင်းပခဲ့သည်။

### အနိုင်ပေး

လေးချီအထူးပွဲတွင် သားကချင် (ဘိလပ်မြေ)တိုက်စစ်ကို ဝမ်ချိုး (မိုးသောက်ကြယ်)က ရဲရဲဝံ့ဝံ့ရင်မဆိုင်ဘဲ ကန်ချက်ကြောင့် ကိုဦးလေး ခြေမထောက်နိုင်တော့ဘဲ ပွဲသိမ်းသွားသည်။ ဗိုလ်လုပွဲတွင် စိုးလင်းဦးနှင့် ကညောထူးတို့ တွေ့ကြမည်။



**ဖယ်သာဝိတ်တန်းပြိုင်ပွဲတွင် စိုးမိုးဟိန်း ဘယ်ခြေကန်ချက်ကို စောအုန်းမြင့် ဤသို့ ကာကွယ်ထားသည်။**

ထိုးအိပ်ကန်အိပ်ပြုလုပ်နေသဖြင့် ဒုတိယအချီ ၂မိနစ် ၂၁စက္ကန့်တွင် ဒိုင်ကပွဲရပ်ကာ သားကချင်ကို အနိုင်ပေးလိုက်သည်။

### ယှဉ်ပြိုင်ထိုးသတ်

၅၁ကီလို ဖလိုင်းဝိတ်တန်းတွင် စောသဲမင်း (မိုးသောက်ကြယ်)က ထွန်းဝင်း (တိုက်ဂါး)ကို အမှတ် ၃-၂ ဖြင့် အနိုင်ရရှိပြီး ခိုင်လင်းဦး (တောင်ကလေး)က စိန်လင်းအောင်(ရွှေကုက္ကို)ကို ၅မှတ်-၀ ဖြင့် အနိုင်ရရှိသည်။ စောသဲမင်းနှင့် ခိုင်လင်းဦးတို့ ဩဂုတ် ၂၉ရက်တွင် ရွှေခါးပတ်ဗိုလ်လုပွဲ ယှဉ်ပြိုင်ထိုးသတ်ရမည်။

### ပွဲသိမ်း

၆၇ ကီလိုဝယ်လ်တာဝိတ်တန်းတွင် ရွှေမင်းရာဇာ (တောင်ကလေး)က အာကာဟိန်း(မိုးမင်းမောင်)ကို ဒုတိယအချီ ၁မိနစ် ၃၈စက္ကန့်၌ ညာဖြောင့်လက်သီးဖြင့် ပွဲသိမ်းလိုက်သည်။ ဗိုလ်လုပွဲတွင် ရွှေမင်းရာဇာနှင့် လုံးချောလေး (ရက္ခဖျာလ)တို့ တွေ့ဆုံကြတော့မည်။

ကီလို၆၀လိုက်ဝိတ်တန်း ဆီမီးဖိုင်နယ်တွင် ကညောထူး(ရွှေကုက္ကို)နှင့် ကိုဦးလေး(မိုးမင်းမောင်)တို့ ပထမအချီတွင် မနားတမ်းလက်သီးချင်းယှဉ်ကြရာ ကိုဦးလေးက အမှတ်သာခဲ့သော်လည်း ဒုတိယအချီတွင် ကညောထူး၏ ဘယ်ဒူးချက် အရိုက်ထိသွားသော ကိုဦးလေးသက်လုံ ကျလာပြီး တတိယအချီ ၁ မိနစ် ၁၆ စက္ကန့်တွင် ကညောထူး၏ အတွင်းခတ်

### တိုက်စစ်ဖွင့်

၆၃ဒသမ၅ ကီလို လိုက်ဝယ်လ်တာဝိတ်တန်းတွင် လက်ရှိချန်ပီယံ အောင်ဇေယျ(ဘိလပ်မြေစက်ရုံ)နှင့် ရွှေသိန်းအောင် (ဖလုံပညာတဝေါင့်)တို့ ယှဉ်ပြိုင်ကြသည်။ ပွဲအပြီး၌ ရွှေသိန်းအောင်က အမှတ် (၃-၂)ဖြင့် အနိုင်ရရှိသွားသည်။ ဗိုလ်လုပွဲတွင် ရွှေသိန်းအောင်နှင့် မိုက်တိုင်စန်တို့ တွေ့ကြမည်။ ယခုပြိုင်ပွဲကြီး၏ ပွဲအကျပ်ဆုံး ဝိတ်တန်းဖြစ်သော ၅၇ ကီလို ဖယ်သာဝိတ်တန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် စိုးမိုးဟိန်း(မျိုးဆက်သစ်)ကို ဝါရင့်လက်ဝှေ့သမား စောအုန်းမြင့်(မြို့တော်စည်ပင်)က ထိုးကွက်တည်ခွင့်မပေးဘဲ မနားတမ်း တိုက်စစ်ဖွင့်သည်။ စိုးမိုးဟိန်း၏ ဘယ်ဖြောင့်လက်သီးဖြင့် တန်ပြန်ခြင်းကိုမမှုဘဲ အတင်းဝင်ကပ်၍ ပင့်လက်သီးများ ဆက်တိုက်ထိုးခြင်း၊ ခါးပွေ့ကိုင်ပေါက်ခြင်း၊ တံတောင်ကပ်ရိုက်ခြင်းတို့ကြောင့် စိုးမိုးဟိန်းခံစစ်ဖြင့် ထိန်း၍မရဘဲ ညာပိုက်ထိကာ အမှတ်စဉ်အရေခံရသည်။

ဖယ်သာဝိတ်တန်း အခြားပွဲစဉ်တစ်ခုဖြစ်သည့် လက်ရှိရွှေခါးပတ်ချန်ပီယံ သတ္တိအောင်(တောင်ကလေး)နှင့် သားသား (T & T)တို့က နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်ကြသည်။

ထိုပွဲတွင် သတ္တိအောင်က နာမည်နှင့်လိုက်အောင် သတ္တိပြောင်ပြောင်ဖြင့် ခုခံထိုးသတ်ခဲ့သော်လည်း တိုက်စစ်ကိုတစ်ဖက်သတ်ဦးဆောင်ခဲ့သော သားသားက ၅မှတ် -၀ဖြင့် အနိုင်ရရှိသွားသည်။ ဗိုလ်လုပွဲတွင် သားသားနှင့် စောအုန်းမြင့်တို့ ရင်ဆိုင်ကာ ခါးပတ်လုရပေတော့မည်။

### ကျင်းပသွားမည်

Royal Club ရွှေခါးပတ်ချန်ပီယံ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၉ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပသွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

**အားကစားဖြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

23-8 (13).pmd 1 8/23/2010, 2:47 AM

## " ရွှေအောင်ချမ်းသာ ဒုဓ္ဓဂယာဘုရားဖူးအဖွဲ့ "

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ စောင်ထွက်ခွာတော့မည်

**Power Palace Hotel**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ရုပ်ရှင် ဗီဒီယိုကြော်ငြာ ကလေးသရုပ်ဆောင် ချစ်သားလေး အာကာစိုးဦး [အထက(၁) ဒဂုံ Grade VIII ] ၏ ၂၃-၈-၂၀၁၀ရက်တွင် ကျရောက်သော (၁၂)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ် နှစ်ပါး ကျန်းမာရွှင်လန်းပြီး မိမိရည်ရွယ်ရာဆန္ဒနဲ့ဘဝ ထပ်တူထပ်မျှ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

| | | |
|---|---|---|
| ဖေဖေ | - | ဦးစိုးဦး (A.G.T.I Mining, B.A Myanmar , J.S.M Shipping) |
| မေမေ | - | ဒေါ်ခင်မာနွယ် |
| ဦးဦး၊ ဒေါ်ဒေါ် | - | ဦးကျော်မြင့်-ဒေါ်ဒေါ်ဝင်းမာဦး (TRIO Engineering Group Co.,Ltd.) |
| ကိုကြီး | - | မောင်ရောင်နီလင်း (B.Sc Chemistry,I.D.C.S(Y.U),J.S.M Shipping) |
| ကိုလတ် | - | မောင်သော်တာညဏ်စိုး (2nd year Physics U.D.E) အလုပ်သင်အင်ဂျင်နီယာ၊ ဒလသင်္ဘောကျင်း။ |
| မမများ | - | မသဲသဲခိုင် B.Sc (Physics),LCCI Level 3 (ခေတ္တ-စင်ကာပူ) မသူဇာ M.Sc Computer, NTU Singapore (ခေတ္တ-စင်ကာပူ)။ |




## ကားရောင်းမည်

(ညှိနှိုင်းဈေး)

(၂၀၈) လိုင်း အိမ်တို

FUSO ၄၁/------

ဖုန်း-၀၉-၆၅၁၈၄၅။

We don't sell cheap things....but we sell things cheap...

United Living Mall

Only in AUGUST 10,11,12,17,18,19,24,25,26

FAST & GOOD

*Special* **Promotion**

Day To Day

Day To Day Supermarket တွင် တစ်ရက်အတွင်း ကျပ် ၅၀,၀၀၀ ဖိုးဝယ်ယူမှုများအတွက် ကျပ် ၁,၅၀၀ တန် ကြက်ကြော်ကူပွန် ရရှိနိုင်မည့်အခွင့်အရေး

United Living Mall : အမှတ်(၄၈)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၅၅၁၁၇၇

www.yangon-directory.com www.yangondirectory.com.mm

**Everything U Need**

# ဘာပဲလိုလို

ရန်ကုန်လမ်းညွှန် ထဲမှာရှိတယ်။

ရန်ကုန်လမ်းညွှန် ၂၀၁၁ အတွက် ကြော်ငြာထည့်ရန် အလွန်နီးကပ်နေပါပြီ။




No. 614, 1st Flr(left), Maharbandoola Rd, Corner of 23rd Street, Latha Tsp, Yangon.
Tel : 379597, 375316, 245358 (ext: 800, 801, 817)
Fax: 379597

## အထူးဈေးနှုန်း

Laser Printer Toner Cartridge
06F,EP-22, 92 A, 15A,
13A, 12A, 303 - 11500Ks
35A, 312, 49A.53A - 13000Ks

Laser Printer များကို အထူးဈေးနှုန်းဖြင့် ပြုပြင်ပေးပါသည်။

၁၆၇-၃၈လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၈၉၆၅၅၊ ၃၈၂၅၀၁၊ ၃၉၈၁၀၀။

## အမွေပြတ်စွန့်လွှတ်ခြင်း

မကြူကြူစန်း ၁၄/အမန(နိုင်)၁၁၆၇၃၆ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၄င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဦးစန်းမြင့်(ခ)ဦးပေါက်ဖော်
၁၄/အမန(နိုင်)၀၀၂၇၁၂
အိမ်မဲမြို့နယ်၊
ကံကြီးဒေါင့်ကျေးရွာတူးမြောင်း၀။

INTERNET Journal

Internet Journal နှင့် Prolink တို့ ပူးပေါင်းတင်ဆက်သည့်

ကျပ်တစ်သိန်းတန် ပဟေဠိအစီအစဉ်

ထွက်ပြီ

**ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ထားခြင်း** ယာဉ်အမှတ် ၁က/၇၉၄၇ ယာဉ် လက်ဝယ်ရှိသူ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)၊ သထုံမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူ ပျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ သထုံ။**

အချိန်မှန်၊ သတင်းမှန်

*The* **Messenger**

သတင်းဂျာနယ်

ထွက်ပြီ

စာအုပ်စာပေ

လူမိတ်ဆွေ

Mr.SAI

Evening Relax English Class

# ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း မိုးစပါးအောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၂**

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဩဂုတ်၁ရက်တွင် ဟားခါးမြို့ လောက်လုံးကျေးရွာ နယ်ပါးချောင်းတစ်လျှောက် မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ပြည်နယ်ဥက္ကဋ္ဌသည် ဩဂုတ်၂ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ်ရဲမှူးကြီးက ချင်းပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် အသက် ၇၅နှစ်နှင့်အထက် ရန်ကုန်ရှိ ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများ၏ သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၈ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

# တာချီလိတ်မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တာချီလိတ် ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် ညနေ ၃နာရီခွဲက မြို့မအားကစားကွင်း၌ ဆန်ဆိုင်း (ခ)ရပ်ကွက်အသင်းနှင့် ဖန်မင်ကျေးရွာအုပ်စု အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆန်ဆိုင်း(ခ)အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို ရဲမှူးမြင့်အောင်က လည်းကောင်း၊ ဒုတိယရရှိသော ဖန်မင် ကျေးရွာအုပ်စု အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို မြို့နယ်အတွင်းရေးမှူး ဦးမင်းသိန်းက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။



**လက်ခံယူ**

ထို့နောက် ပထမဆုရရှိသွားသော ဆန်ဆိုင်း(ခ)အသင်းအား တစ်ဦးချင်းဆုနှင့် ပထမဆုဖလားကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်က ပေးအပ်ရာ ဆန်ဆိုင်း(ခ) ဥက္ကဋ္ဌ ဦးစံငွေနှင့် အသင်းခေါင်းဆောင်တို့က လက်ခံယူကြသည်။ **(ဝဲပုံ)**

**(ခရိုင် ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုး ကော့သောင်းမြို့ မြရည်ပုလဲလမ်း တွင် အဖွဲ့ပိုင် မြေတူးစက်ဖြင့် ရေနုတ်မြောင်းတူးဖော်မှုကို ဩဂုတ်၁၂ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# မြို့နယ်သတင်းထွေတလာ

# ထီးလင်းမြို့နယ် မိုးဆန်းပန်းစာကြည့်တိုက် စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်

**ထီးလင်း ဩဂုတ် ၁၉**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဆေးမင်းတောကျေးရွာ မိုးဆန်းပန်း စာကြည့်တိုက်သို့ စာအုပ်စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ အခမ်းအနားတွင် ဆေးမင်းတောကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာသိန်းနိုင်က ငွေကျပ် ၆၈၀၀၀ တန်ဖိုးရှိ ဂျာနယ်မျိုးစုံစောင်ရေ ၃၄၀နှင့် ဆေးမင်းတောကျေးရွာ ပရိဘောဂလုပ်ငန်းရှင် ဦးဝင်းနိုင်က ငွေကျပ် ၁၁၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ၂၃အုပ်တို့ကို လှူဒါန်းခဲ့ကြသည်။

**လှူဒါန်းခဲ့**

ထို့ပြင် ဆေးမင်းတော အထက(ခွဲ)မှ ဆရာ ဆရာမများက စုပေါင်း၍ ငွေကျပ် ၁၅၀၀၀၊ ပခုက္ကူမြို့နယ် ကမ္မကျေးရွာမှ ဦးဟန်ထွန်းက ငွေကျပ် ၁၅၀၀၀၊ အင်းနားရွာမှ ဒေါ်ဥမ္မာညိုကငွေကျပ် ၁၅၀၀၀၊ ဂန့်ဂေါ မြို့မဈေးမှ ဦးဘိုချိုတ်နှင့် ဇနီး ဒေါ်ခင်မြင့်ဝေတို့ကငွေကျပ် ၁၀၀၀၀တို့ အပါအဝင်စေတနာရှင်ကိုးဦးတို့ကစုစုပေါင်းကျပ် ၁၂၆၀၀၀ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်ထံသို့ လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအခမ်းအနား သံတွဲမြို့နယ်ခန်းမ၌ ကျင်းပ

**သံတွဲ ဩဂုတ် ၁၉**

၂၀၁၀ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၈နာရီက သံတွဲမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်ငွေက ၂၀၁၀ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ စံပြမိခင်ဆုနှင့် ၂၀၁၀ခုနှစ် အာဟာရရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်ငွေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများက အိုင်အိုဒင်းဆားစမ်းသပ်စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးပြီး နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေး၊ သန်ချဆေး၊ ဘီဝမ်းဆေးများနှင့် ဘီတာမင်အေဆေးများကို ဝေငှပေးကြသည်။ **(အောက်ဝဲပုံ) (ခရိုင် ပြန်/ဆက်)**



လဲချားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးအောင်မြတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၁၀ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# မိုးမောက်၌ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**မိုးမောက် ဩဂုတ် ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးမောက်မြို့နယ် ခါနန်ရပ်ကွက်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

**မျိုးစိုက်ထည့်ပေး**

အဆိုပါ အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ညွန့်မေနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြပြီး စပါးခင်းအတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ တီလားပီးယား မျိုးသားပေါက် ကောင်ရေ စုစုပေါင်း ၄၀၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**ရေကန်တူးဖော်**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကင်းချောင်းကျေးရွာမြေသားရေကန်တူးဖော်နေမှုကို ဇွန် ၂၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး( ဒီကေဘီအေ ) အဖွဲ့၏ နယ်ခြားစောင့်တပ်များဖွင့်ပွဲ

## ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲလုပ်ဆောင်ခဲ့ကြသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများအား ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်လက်နက်ကိုင်ဆောင်ခွင့်ရရှိသည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ လုပ်ဆောင်နေစဉ်ကာလအတွင်း တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ) အဖွဲ့၏ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသ၌ ဩဂုတ် ၂၀ရက် မွန်းလွဲပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### တက်ရောက်

မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များ ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ဒေသခံပြည်သူ့စစ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ *စာမျက်နှာ ၄ ကော်လံ ၁* ●



မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ မြဝတီမြို့နယ် မဲပလဲ့ဒေသ နယ်ခြားစောင့်တပ်များဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)